မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၈၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျပန်ဧကရာဇ်ဘုရင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂျပန်ဧကရာဇ်ဘုရင် အကီဟီတိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ ဖူးမြော်ကြည်ညို

မန္တလေးမြို့သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ လှည့်လည်ကြည့်ရှု

နေပြည်တော် ဒီဇင်ဘာ ၂၂

မန္တလေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးမြို့ သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် မန္တလေးတောင်သို့ ရောက်ရှိကြပြီး ဆုတောင်းပြည့်ဘုရား ကကုသန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတောင်ရင်ပြင်တော်ရှိ ဘုရားများကို လှည့်လည်ကြည်ညိုပြီး ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မန္တလေးတောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးတောင်ရင်ပြင်တော်မှ မန္တလေးတောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများနှင့် သာယာလှပမှု ရှုခင်းများကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်)

ကျစ်လျစ်ခိုင်မာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက် ဒေသခံပြည်သူများ တက်ကြွစွာ လက်တွဲပါဝင်ဆောင်ရွက်

နိုင်ငံတော်၏ လုံခြုံရေးနှင့်ကာကွယ်ရေးအတွက် စစ်မြေပြင်တွင် စွမ်းစွမ်းတမံ တိုက်ပွဲဝင်နေကြသူများသည် တပ်မတော်သားများပင် ဖြစ်ကြသည်။ အရေးကြုံလျှင် သက်လုံကောင်းပြီး တိုက်ပွဲတွင် အနိုင်ယူခဲ့ကြခြင်းသည် စစ်သားကောင်းပီသသော တပ်မတော်၏ အစဉ်အလာကောင်း ဖြစ်သည်။

တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးယုံကြည်ချက်အဖြစ်ခံယူပြီး ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်ခဲ့၍ မည်သည့်ခေတ်၊ မည်သည့်အခါနှင့်မျှမတူသည့် တိုင်းရင်းသားစည်းလုံးရေးကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သည်။

နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်သည်။ မြန်မာနိုင်ငံ၌ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားလူမျိုးစုများသည် အတူတကွ စုပေါင်းနေထိုင်လာခဲ့ကြသည်။

ပြည်ထောင်စု၏ ဒေသအနှံ့အပြားတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ယဉ်ကျေးမှုအဖုံဖုံနှင့် နေထိုင်ကြသော်လည်း သနားကြင်နာတတ်မှု၊ ရိုးသားဖြောင့်မတ်မှု၊ မျိုးချစ်စိတ်ဓာတ်ရှိမှု၊ ကူညီရိုင်းပင်းလိုစိတ်ရှိမှု၊ ခွင့်လွှတ်သည်းခံနိုင်မှု စသည့် တူညီသောသဘာဝများ ရှိကြပေသည်။

ရဲစွမ်းသတ္တိရှိပြီး စစ်သားကောင်းများ၏ ဂုဏ်ဒြပ်နှင့်ဖွဲ့စည်းထားသော တပ်မတော်သည် ကောင်းမြတ်သည့် အစဉ်အလာများကို အသက်နှင့် ရင်းပြီး ကာကွယ်စောင့်ရှောက်လျက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်လျက် ရှိကြသည်။

စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်သည် အတတ်ပညာပိုင်း တွင်လည်း တီထွင်ကြံဆထုတ်လုပ်နိုင်သည့် ပညာရှင်များဖြစ်ပြီး ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၌လည်း စည်းရုံးပါဝင်ဆောင်ရွက်လျက် ရှိသည်။

သို့ဖြစ်ပေရာ တပ်မတော်သားများသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သည်သာမက တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေး၊ အေးချမ်းသာယာစွာနေထိုင်ရေးတို့ကို ဆောင်ရွက်ရင်း နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ တိုင်းရင်းသားပြည်သူများနှင့် လက်တွဲဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ချောက်မြို့ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

ချောက်မြို့ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ချောက်မြို့ အထက(၁) မြရိပ်ညိုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအာစရိယပူဇော်ပွဲတွင် သက်ပြည့်ပင်စင် အငြိမ်းစား ဆရာကြီး ဆရာမကြီး ၉၅ဦးအား ပူဇော်ရန် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးဉာဏ်သောင်း ဖုန်း-၀၆၁-၂၁၁၇၃၊ ၂၁၈၀၀၊ ဦးအောင်ကျော်ဌေး ဖုန်း-၀၆၁-၂၁၈၈၆၊ ဦးဌေးနိုင် ဖုန်း-၀၆၁-၂၁၀၂၉၊ ဦးမျိုးမြင့် ဖုန်း-၀၆၁-၂၁၀၄၄၊ ဦးဝင်းနိုင်ဦး ဖုန်း-၀၆၁-၂၁၁၀၀၊ ဦးတင်ထွန်း ဖုန်း-၀၆၁-၂၁၉၃၁၊ ဦးဝင်းဌေး ဖုန်း-၀၆၁-၂၁၇၃၇နှင့် ဦးတင်ဦး (ကျော်နည်းပြ) ဖုန်း-၀၆၁-၂၁၇၉၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

တောင်ကုတ်မြို့နယ်အတွင်းရှိ လူနာ ၆၄၈ ဦး ဒေသဖွံ့ဖြိုးရေးကော်မတီမှူးကြီးမှူး၏ ဆေးဝါးကုသ

ရန်ကုန် ဒီဇင်ဘာ ၂၂

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ဒေသဖွံ့ဖြိုးရေးကော်မတီမှကြီးမှူး၍ မြို့နယ်အတွင်းရှိ ပြင်ပလူနာများကို ရန်ကုန်မြို့မှ ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးသန်းစိန်၊ ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာစောဆိုင်းမွန်သာနှင့် ဆရာဝန်၊ သူနာပြု ၃၀ပါဝင်သည့် အဖွဲ့သည် ဒီဇင်ဘာ ၁၄ရက်နှင့်၁၅ရက်တွင် တောင်ကုတ်မြို့နယ် ပြည်သူ့ဆေးရုံ၌ အဋ္ဌမအကြိမ်မြောက် အခမဲ့စမ်းသပ်စစ်ဆေးပြီး ဆေးဝါးကုသပေးသည်။

လှူဒါန်း

အဆိုပါ အခမဲ့ဇီဝိတဒါနဆေးကုသပွဲ ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပင်လုံနှင့် ရွှေဂုံတိုင်ဆေးခန်းက ငွေကျပ်၁၀သိန်း၊ ဦးတင်ရှိန် မြိတ်မြို့က ငွေကျပ်၁၀သိန်း၊ ဦးကျော်ဆွေ၊ ဦးရွှေဘ တောင်ကုတ်မြို့က ငွေကျပ်၁၀သိန်း၊ ဒေါ်ပန်းမိုးမိုးဇော် ရန်ကုန်က ငွေကျပ်၁၀သိန်း၊ ဦးတင့်စိုး ရန်ကုန်က ငွေကျပ်ငါးသိန်း၊ ဦးကျော်ဦး ရန်ကုန်က ငွေကျပ်ငါးသိန်းနှင့် ဒေါ်ခိုင်ဇာ လင်း ရန်ကုန်က ငွေကျပ်တစ်သိန်း ပါဝင်ကူညီလှူဒါန်းပြီး ဒေသဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးကျောက်တောင်က ကျန်အထွေထွေကုန်ကျစရိတ် ငွေကျပ်သိန်း၁၀၀ကျော်ကို လှူဒါန်းကာ လူနာ ၆၄၈ဦးအား ကုသခဲ့ကြောင်း သိရသည်။ (၁၁၃)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ကလေး ဒီဇင်ဘာ ၂၂

စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့နယ် ရွာသာကျေးရွာ၌ စာကြည့်တိုက် ပညာ ဆင့်ပွားသင်တန်း (၉/၂၀၀၈)ကို နိုဝင်ဘာ ၁၈ရက်မှ ၂၀ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေး၊ ဦးဇော်ဝင်း စာထောက်(၃)၊ ဦးခင်မောင်ရီ ဓာတ်ပုံကျွမ်းကျင်-၂၊ ဦးတင်ဌေး အငယ်တန်းစာရေးတို့က ပို့ချကြသည်။ သင်တန်းဆင်းပွဲကို မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေးက ပေးအပ်၍ ထူးချွန်သင်တန်းသားများအား ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက အသီးသီးဆုချီးမြှင့်၍ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးက ရွာသာကျေးရွာစာကြည့်တိုက်အတွက် သုတ ရသစာအုပ် ၂၅ အုပ်လှူဒါန်းကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၃-၁၂-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀ ၇။ မျိုးချစ်တပ်မတော်
၅း၂၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ လျှပ်တစ်ပြက်
၆း၃၅ ၁၅။ ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၈)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၁။ မွေးမြူသုတ
၂၂။ ဗွီစီဒီကျော်ကြားတေးများ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၇)

လမ်းမတော်မြို့နယ် (၄)ရပ်ကွက် ၉လမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၂

လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက် ၉လမ်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို အနော်ရထာလမ်းမနှင့် ၉လမ်းထိပ်တွင် ဒီဇင်ဘာ ၂၀ရက် နံနက် ၇နာရီက ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝမ်းကြည်တို့က နိုင်လွန်ကတ္တရာ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ နိုင်လွန်ကတ္တရာလမ်း အရှည်ပေ ၈၈၀နှင့် အကျယ် ၁၄ပေကို ငွေကျပ်၂၈၈၇၈၀၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။ (၁၀၄)

ဝက်လက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ဝက်လက် ဒီဇင်ဘာ ၂၂

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းအဓိကကျသော ရေမြောင်းများအား ရေစီးရေလာကောင်းမွန်စေရေးအတွက် မြေကော်စက်များဖြင့် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့က ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် ချင်းပြည်နယ် ကန်ပက်လက်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း မြေထိန်းကျောက်စီနံရံနှင့် သွပ်ဆူးကြိုးကာရံမှုလုပ်ငန်းကို ဒီဇင်ဘာ ၉ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သင်္ဂဇာ ချောင်းပတ်လမ်းတစ်လျှောက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ထားသော သန့်ရှင်းသာယာရေးလုပ်ငန်းများကိုလည်းကောင်း၊ ချောင်းပတ်လမ်း ဖောက်လုပ်အဆင့်မြှင့်တင်ထားမှုကိုလည်းကောင်း ကြည့်ရှုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

မှတ်တမ်းဓာတ်ပုံများကြည့်ရှု

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး ဘုရားကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးမှ ပြန်လည်ထွက်ခွာပြီး မန္တလေးမြို့တွင်းလမ်းများ အဆင့်မြှင့်တင်၍ နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ အောင်ပင်လယ်လမ်း တိုးချဲ့ပြုပြင်နေမှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးတောင်ဆုတောင်းပြည့်ဘုရား ကကုသန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

မေးမြန်းလမ်းညွှန်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မန္တလေးတောင်ရင်ပြင်တော်မှ မန္တလေးတောင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊မန္တလေးမြို့သာယာလှပမှု ရှုခင်းများကိုလည်းကောင်း ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မေးမြန်းလမ်းညွှန်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ဘုရားဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

လက်ယာရစ်လှည့်လည်

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ရင်ပြင်တော်တွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုပြီး ရင်ပြင်တော်အား လက်ယာရစ် လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးတောင်ရင်ပြင်တော်၌ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဖြူးအမျိုးသားကျောင်း နှစ်(၉၀)ပြည့် အကြို အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ဖြူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း ၁၉၂၀) ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ယင်းကျောင်း၏ အမျိုးသားကျောင်းဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါကျောင်းတွင် ၁၉၂၀ပြည့်နှစ်မှ ၁၉၉၀ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအနေဖြင့်လည်းကောင်း၊ ကျောင်းသားကျောင်းသူဟောင်းများ အနေဖြင့်လည်းကောင်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ဖိတ်ကြားထားသည်။ ယခုအကြိမ်သည် ဖြူးအမျိုးသားကျောင်း ၁၉၂၀၏ နှစ် (၉၀)ပြည့် အထိမ်းအမှတ်အကြိုနှစ်ဖြစ်သည့်အားလျော်စွာ ဆရာကြီး ဆရာမကြီး ၁၀၉ဦးအား ပူဇော်ကန်တော့မည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုပါက ဦးအင်းရှောက် ဥက္ကဋ္ဌ ဖုန်း-၀၅၄-၄၀၅၇၈၊ ဦးတင်ငွေ ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၅၄-၄၀၃၂၇၊ ဒေါက်တာခင်မောင်မြင့်ကျော် ဒုတိယဥက္ကဋ္ဌ ၀၅၄-၄၀၃၇၆၊ ဦးသက်စိန် ဒုတိယဥက္ကဋ္ဌ ၀၅၄-၄၀၀၄၈၊ ၀၁-၂၉၂၃၁၅၊ ၀၁-၂၉၉၅၁၆၊ ဦးသက်နိုင် အတွင်းရေးမှူး ၀၅၄-၄၀၁၂၃၊ ဦးသက်ထွန်း ဘဏ္ဍာရေးမှူး ဖုန်း-၀၅၄-၄၀၅၇၅၊ ဦးမြင့်ထွန်း ဖုန်း-၀၉-၅၀-၁၀၃၈၇၊ ဗိုလ်ကြီးအောင်သန်း(ငြိမ်း) ဖုန်း-၀၉-၅၁-၄၅၂၆၆၊ ဦးစန်းလွင် ဖုန်း-၀၂-၃၂၃၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

စာရင်းပေး

ရပ်ဝေးနေ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအတွက် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက် နံနက် ၅နာရီခွဲထွက်မည့် အမှတ်(၃) အဆန် မန္တလေးအမြန်ရထားဖြင့် စီစဉ်ထားပါသဖြင့် လိုက်ပါလိုပါက ဦးမြဦး ဖုန်း-၀၁-၆၆၀၁၃၁၊ ဦးမြဦး ဖုန်း-၀၁-၂၂၉၄၅တို့သို့ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဒီဇင်ဘာ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက် ယှဉ်ပြိုင်နိုင်

အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

အစ္စရေးနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သို့ လာရောက်တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer နှင့်အဖွဲ့သည် ဒီဇင်ဘာ၁၀ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့လာရောက်ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ(၁) ဦးလှမောင်ရွှေ၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်သန်း၊ အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်း၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်၊ အတွင်းရေးမှူး(၁)ဦးနှင်းဦးနှင့် အတွင်းရေးမှူး(၂) ဦးဘသော်တို့အား တွေ့ဆုံ၍ မြန်မာ့ရေလုပ်ငန်းကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

သစ်ပင်ကို နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး

အီရတ်မှရုပ်သိမ်းမည့် အမေရိကန်တပ်ဖွဲ့များကိစ္စ ပါလီမန်တွင် မဲခွဲဆုံးဖြတ်ပြီး သဘောတူညီချက်ရယူ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၂

အီရတ်မှရုပ်သိမ်းသည့် တပ်များတွင် အမေရိကန်တပ်ဖွဲ့ဝင်များမပါဟူသော ဆုံးဖြတ်ချက်ကို အီရတ်ပါလီမန်တွင် မဲခွဲဆုံးဖြတ်ချက်ရယူပြီးနောက် သဘောတူညီသည့်အဆင့်သို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး ၎င်းတပ်ဖွဲ့ဝင်များအား ၂၀၀၈ ခုနှစ် ကုန်လွန်သည့်နောက်ပိုင်းအထိ ဆက်လက်ရှိနေခွင့် ပြုလိုက်ပြီဖြစ်ကြောင်း ပါလီမန်အဖွဲ့ဝင်များက ဒီဇင်ဘာ ၂၁ ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

တပ်စွဲခွင့်ပြု

ပါလီမန်အဖွဲ့ဝင်များသည် ဗြိတိန်နိုင်ငံမှတပ်ဖွဲ့ဝင် ၆၀၀၀ ဆက်လက်ထားရှိရန် တောင်းဆိုချက်ကို ဒီဇင်ဘာ ၂၀ ရက်က ငြင်းပယ်လိုက်ပြီး အခြားနိုင်ငံများလည်း ကုလသမဂ္ဂက တစ်ချိန်က ဆုတ်ခွာရန်နောက်ဆုံးရက် သတ်မှတ်ပေးထားသည့် ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်ကိုသာ အခြေခံမည်ဟုဆိုသည်။

အီရတ်အစိုးရနှင့် နိုင်ငံတစ်ခုချင်းစီတို့ သဘောတူလက်မှတ်ရေးထိုးပြီးမှသာ ဆုံးဖြတ်ချက်တစ်ခုစီကို ချမှတ်ဖွယ်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ တပ်ဖွဲ့ဝင်များ သဘောတူညီမှု သီးခြားသဘောတူညီမှုအခြေအနေအရ ၂၀၁၁ ခုနှစ်အကုန်တိုင်အောင် အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၄၀၀၀၀ ကို ဆက်လက်နေထိုင် တပ်စွဲခွင့်ပြုမည် ဖြစ်သည်။

ကြေညာ

စောစောပိုင်း ဒီဇင်ဘာ ၂၀ ရက်တွင် မဲဘုတ်အဖွဲ့၏ ငြင်းပယ်ချက်သည် ယာယီပြဿနာသာဖြစ်ကြောင်း၊ သို့သော်လည်း အဆုံးတွင် သဘောတူညီမှုရရှိမည်ဟု မိမိယုံကြည်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျွန်ဟတ်တန်က ထုတ်ဖော်ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံသည် ၂၀၀၉ ခုနှစ် ဇူလိုင်လအကုန်တွင် ၎င်း၏တပ်ဖွဲ့ဝင်များအား ရုပ်သိမ်းရန်စီစဉ်ထားကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံနှင့် ကားကို ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီးကိုလီဗက်တီးရီးယားပိုး ဗီဇပြောင်းခဲ့လျှင် လောင်စာထုတ်လုပ်နိုင်ကြောင်းလေ့လာတွေ့ရှိ

လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂၂

လူ့အစာချေလမ်းကြောင်း၌ တွေ့ရသည့် အီးကိုလီခေါ်သည့် ဗက်တီးရီးယားတစ်မျိုးကို လောင်စာထုတ်လုပ်ရန်အတွက် မျိုးရိုးဗီဇအလိုက် ပြောင်းလဲယူနိုင်ကြောင်း လော့စ်အိန်ဂျလိစ်ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ် သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိရသည်။

တစ်မော်လီကျူးလျှင် သာမန်အားဖြင့် ကာဗွန်အက်တမ်နှစ်ခုသုံးခုသာရှိသော်လည်း အီးကိုလီဗက်တီးရီးယားက တစ်မော်လီကျူးလျှင် ကာဗွန်အက်တမ် ငါးခု ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရသည်ဟုဆိုသည်။

ဖြစ်လာနိုင်

ကာဗွန်အက်တမ်ရှစ်ခုပါဝင်သည့် အရက်မော်လီကျူးများ ဖြစ်လာနိုင်သည်ဟုလည်း သုတေသီများက ပြောကြားသည်။

လေ့လာတွေ့ရှိ

မျိုးရိုးဗီဇအလိုက် ပြုပြင်ထားသည့် အီးကိုလီဗက်တီးရီးယားက ဂျက်အင်ဂျင်ဆီ၊ ဓာတ်ဆီနှင့် အခြားသောလောင်စာဆီ ထွက်ကုန်များ ထုတ်လုပ်ပေးရန် အလားအလာရှိကြောင်း လေ့လာတွေ့ရှိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မော်စကိုတောင်ပိုင်း ပေါက်ကွဲမှု ကိုးဦးဒဏ်ရာရ

မော်စကို ဒီဇင်ဘာ ၂၂

ရုရှားနိုင်ငံ မော်စကိုမြို့တောင်ပိုင်းတွင် ဒီဇင်ဘာ ၂၀ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသဖြင့် အနည်းဆုံး ကိုးဦး ဒဏ်ရာရရှိသွားကြောင်း ရုရှားသတင်းဌာနများက ကြေညာသည်။

ပြောကြား

ပရက်ဇကာယာမြေအောက်ဘူတာအနီး ဈေးအတွင်းတွင် ဒီဇင်ဘာ ၂၀ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ကလေးငယ်တစ်ဦးအပါအဝင် ကိုးဦးဒဏ်ရာ ရရှိသွားသည်။ မီးရှူးမီးပန်းများ မတော်တဆပေါက်ကွဲရာမှ ယင်းသို့ဖြစ်ရကြောင်း အရေးပေါ်အခြေအနေကို ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် ကန်ဒါဟာမြို့အနီး အဝေးပြေးလမ်းမကြီးတစ်ခုပေါ်တွင် ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် မီးလောင်နေသည်ကို ဒီဇင်ဘာ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စီစီတီဗွီအကြိမ်(၅၀)မြောက်နှစ်ပတ်လည်နေ့ ပေကျင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပ

ပေကျင်း ဒီဇင်ဘာ ၂၂

တရုတ်နိုင်ငံက တရုတ်ဗဟို ရုပ်သံလွှင့်ဌာန (စီစီတီဗွီ) ထူထောင်သည့် အကြိမ်(၅၀)မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲကို ပေကျင်းမြို့၌ ဒီဇင်ဘာ ၂၀ရက်က စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အရေးပါ

စီစီတီဗွီသည် အရေးပါသည့် သတင်းအချက်အလက်ဆိုင်ရာ ပြတင်းတစ်ခုဖြစ်ကြောင်း၊ စီစီတီဗွီမှတစ်ဆင့် တရုတ်နိုင်ငံက ကမ္ဘာ့အကြောင်းကို သိရသကဲ့သို့ ကမ္ဘာကလည်း တရုတ်နိုင်ငံအကြောင်းကို လေ့လာနိုင်ကြောင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုသဝဏ်လွှာတွင် တရုတ်သမ္မတ ဟူကျင်တောင်က ရေးသားလိုက်သည်။

တိုက်တွန်းနှိုးဆော်

စီစီတီဗွီသည် နိုင်ငံတကာတွင် ကြီးမားသောဩဇာ၊ ခေတ်မီသော နည်းပညာ၊ စုံလင်ခိုင်မာသည့် သတင်းနှင့် ကောင်းမွန်သောတင်ပြပုံ၊ တင်ပြနည်းများဖြင့် ထိပ်တန်းမီဒီယာအုပ်စုတစ်ခုဖြစ်ရန် ကိုယ်ပိုင်စွမ်းဆောင် ထူထောင်နိုင်မည်ဟုလည်း မျှော်လင့်ကြောင်း သမ္မတ ဟူကျင်တောင်က တိုက်တွန်းနှိုးဆော်လိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းနယ်စပ်ရှိ ပက်ရှဝါမြို့တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ယာဉ်များကို ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မိုဆူးလ်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှု တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

မိုဆူးလ် ဒီဇင်ဘာ ၂၂

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ ဒီဇင်ဘာ ၂၁ရက်တွင် အသေခံဗုံးခွဲသမားတစ်ဦးက တာဝန်ထမ်းဆောင်နေသော စစ်တပ်အရာရှိတစ်ဦးအား မိတ်ဆွေဟန်ဆောင်ကာ ဝင်ရောက်ပွေ့ဖက် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၎င်းအရာရှိသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

ဗုံးခွဲတိုက်ခိုက်

ထိုဖြစ်ရပ်မှာ ယင်းနေ့က အီရတ်နိုင်ငံ မိုဆူးလ်မြို့မြောက်ပိုင်းတွင် လမ်းလုံခြုံရေးတာဝန်ကျနေသော အီရတ်စစ်ဘက် အရာရှိတစ်ဦးထံသို့ လူတစ်ဦးက ခင်ခင်မင်မင် ရင်းရင်းနှီးနှီးပုံစံဖြင့် မိတ်ဆွေဟန်ဆောင်ကာ ပွေ့ဖက်ပြီး ဗုံးခွဲတိုက်ခိုက်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထုတ်ပြန်

ယင်းဖြစ်ရပ်တွင် တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ဗိုလ်မှူးကြီး အာမက်ဆာအိဒ်က ယင်းနေ့ နောင်းပိုင်းတွင် သတင်းထုတ်ပြန် ကြေညာခဲ့သည်။

တိုက်ခိုက်ခဲ့

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သည့် မိုဆူးလ်မြို့သည် အီရတ်ရှိ စစ်သွေးကြွများနှင့် ဆက်နွယ်သော အယ်လ်ခိုင်ဒါများ နောက်ဆုံး ကြီးစိုးလွှမ်းမိုးရာ မြို့ပြဖြစ်သည်ဟု အမေရိကန် စစ်ဘက်က ယူဆထားသည်။ အမေရိကန်နှင့် အပေါင်းပါများ အီရတ်သို့ ကျူးကျော်တိုက်ခိုက်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လကတည်းက စစ်သွေးကြွများသည် ရာချီသော ဗုံးခွဲတိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့ကြသည်။ **(အင်တာနက်)**

ဖလူးဂျာ၌ဗုံးခွဲတိုက်ခိုက်

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

23-12 (04).pmd 1 12/23/2008, 1:59 AM

အစဉ်အလာကြီးမားခဲ့သော ရုရှားနိုင်ငံ ....

သတင်းအက်ဆေး

ရုရှားနိုင်ငံသည် အရှေ့ဥရောပမှ မြောက်ပိုင်းအာရှအထိ ကျယ်ပြန့်ပြီး ပစိဖိတ်သမုဒ္ဒရာအထိ ရှည်လျားသည့်ဒေသတွင် တည်ရှိသည်။ အစဉ်အလာကြီးမားခဲ့သော ရုရှားနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားပြီးနောက် ယင်း၏အခန်းကဏ္ဍသစ်ကို ရရှိရန်ကြိုးပမ်းခဲ့သည်။ နိုင်ငံရေးစနစ်သစ်တစ်ရပ် ပြန်လည်ထူထောင်ကာ နေသားတကျရှိလာပြီး စီးပွားရေးလည်း ပြန်လည်နာလန်ထူကာ တိုးတက်လာခဲ့သည်။

သဘာဝအရင်းအမြစ်

ဤနိုင်ငံသည် သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ အထူးအားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များ အကြီးအကျယ်ပိုင်ဆိုင်သည့် နိုင်ငံဖြစ်သည်။ ဥရောပတိုက်၏ ဓာတ်ငွေ့လိုအပ်ချက်၏ လေးပုံတစ်ပုံကို ရောင်းချပေးပြီး ကမ္ဘာပေါ်တွင် ရေနံအများဆုံး ထုတ်ရောင်းသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

သမိုင်းကို ပြန်ကြည့်လျှင် ၁၂၃၇-၄၀ ခုနှစ်များတွင် မွန်ဂိုများက ရုရှားကို ကျူးကျော်ပြီး မြို့ကြီးအားလုံးနီးပါး ဖျက်ဆီးပစ်သည်။ ရုရှားတောင်ပိုင်းတွင် တာတာတို့က အင်ပါယာထူထောင်သည်။ ၁၅၅၂-၅၆ ခုနှစ်များတွင် ကာဇန်နှင့် အက်စထရာခန်တာတာနယ်များကို အိုင်ဗင်က အောင်နိုင်ပြီး ဗော်လ်ဂါမြစ်အောက်ပိုင်းနှင့် အလယ်ပိုင်းကို ရုရှားအုပ်ချုပ်ရေးထူထောင်သည်။ ၁၅၈၁ခုနှစ်တွင် ကော့ဆက်လူမျိုးတို့က ဆိုက်ဘေးရီးယားကို စတင်အောင်နိုင်သည်။ ၁၆၁၃ခုနှစ်တွင် အမျိုးသားကောင်စီက မိုက်ကယ်ရိုမန်နော့ဗ်အား ဇာဘုရင်အဖြစ် ရွေးချယ်တင်မြှောက်သည်။ ရိုမန်နော့ဗ်မင်းဆက်က ရုရှားနိုင်ငံကို အုပ်ချုပ်လာသည်မှာ ၁၉၁၇ခုနှစ် ရုရှားတော်လှန်ရေးကာလအထိ ဖြစ်သည်။

သိမ်းယူ

၁၆၈၉-၁၇၂၅ခုနှစ်များတွင် ပီတာသည် ဂရိတ်ဘုရင်က အမြဲတမ်းကြည်းတပ်နှင့်ရေတပ်ထူထောင်မှု အပါအဝင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်သည်။ ၁၇၇၂-၁၈၁၄ခုနှစ်များတွင် ရုရှားက ခရိုင်းမီးယားနှင့်တကွ ပိုလန်၊ ယူကရိန်း၊ ဘီလာရု၊ မိုလ်ဒိုဗာနှင့် ဂျော်ဂျီယာအစိတ်အပိုင်းတို့ကို သိမ်းယူခဲ့သည်။

၁၇၉၈-၁၈၁၄ခုနှစ်များတွင် ရုရှားက ပြင်သစ်နိုင်ငံမှ တော်လှန်ရေးစစ်ပွဲ၊ နပိုလီယံစစ်ပွဲများတွင် ပါဝင်ပတ်သက်သည်။ ၁၈၁၂ခုနှစ် နပိုလီယံ ကျူးကျော်မှုကို အောင်မြင်သည့်ပြင် နပိုလီယံအားဖြုတ်ချမှုတွင်လည်း ပါဝင်သည်။ ၁၈၁၄-၅၉ခုနှစ်များတွင် ကောကေးရှပ်စစ်ပွဲ၊ ၁၈၅၃-၅၇ခုနှစ်များတွင် ခရိုင်းမီးယားစစ်ပွဲဖြစ်ပွားသည်။ ၁၈၆၄-၆၅ခုနှစ်တွင် ယခုဗဟိုအာရှသမ္မတနိုင်ငံများ တည်ရှိသည့်ဒေသကို သိမ်းသွင်းသည်။ ၁၈၇၇-၇၈ခုနှစ်တွင် ရုရှား-တူရကီ စစ်ပွဲဖြစ်သည်။

၁၈၉၇ခုနှစ်တွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ ထူထောင်သည်။ ၁၉၀၃ခုနှစ်တွင် ဘော်လ်ရှီဗစ်နှင့် မင်ရှီဗစ်ဟူ၍ ပါတီအုပ်စု နှစ်စုကွဲသွားသည်။ ၁၉၀၄-၀၅ခုနှစ်က ရုရှားက မန်ချူးရီးယားကို နယ်ချဲ့သဖြင့် ဂျပန်နှင့် စစ်ဖြစ်ရသည်။ ၁၉၀၅ခုနှစ် တော်လှန်ရေးက ဇာဘုရင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခွင့်ပေးစေပြီး ပါလီမန်သို့မဟုတ် ဒူးမားကို ဖွဲ့စည်းသည်။

၁၉၁၄ခုနှစ်တွင် ဘော်လကန်ဒေသတွင် ရုရှားနှင့် ဩစတြီးယားတို့ ပြိုင်ဆိုင်မှုကြောင့် ပထမကမ္ဘာစစ်ကြီး ပေါ်ပေါက်လာစေသည်။ ရုရှားက စစ်ပွဲတွင် ဗြိတိန်နှင့်ပြင်သစ်တို့ဘက်က ပါဝင်ဆင်နွှဲသည်။

ဖယ်ရှား

၁၉၁၇ခုနှစ် အောက်တိုဘာလတွင် ဘော်လ်ရှီဗစ်များက အလက်ဇန္ဒားကရင်စကီး၏ ကြားဖြတ်အစိုးရကို ဖယ်ရှားပြီး အာဏာယူလိုက်သည်။ ၁၉၁၈ခုနှစ်တွင် ဂျာမနီနှင့်ဖြစ်သောစစ်ပွဲကို ဘရက်စ်လစ်တော့ စာချုပ်ဖြင့် အဆုံးသတ်လိုက်သည်။ ဇာဘုရင် လုပ်ကြံခံလိုက်ရသည်။ ရုရှားအင်ပါယာပြိုကွဲသွားသည်နှင့်အမျှ ဘော်လ်တစ်နိုင်ငံများ၊ ဖင်လန်နှင့် ပိုလန်တို့ကို လက်လွှတ်လိုက်ရသည်။

၁၉၁၈-၂၂ ခုနှစ်တွင် တပ်နီတော်နှင့် ကွန်မြူနစ်ဆန့်ကျင်ရေး (ရုရှားဖြူ)တို့ ပြည်တွင်းစစ်ဖြစ်သည်။ ကွန်မြူနစ်ဆန့်ကျင်ရေးအုပ်စုကို ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်တို့က ထောက်ပံ့သည်။ ၁၉၂၂-၉၁ခုနှစ်တွင် ရုရှားနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုဝင် နိုင်ငံဖြစ်သည်။ ၁၉၉၁ခုနှစ်က ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲသွားသောအခါ ရုရှားနိုင်ငံလည်း လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ရုရှားသည် ယူကရိန်း၊ ဘီလာရုနိုင်ငံတို့နှင့် ပူးပေါင်းပြီး လွတ်လပ်သောနိုင်ငံများ ဓနသဟာယအဖွဲ့ (စီအိုင်အက်စ်)ကို ဖွဲ့စည်းသည်။ စီအိုင်အက်စ်တွင် ဘော်လ်တစ်နိုင်ငံများမှအပ ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် သမ္မတနိုင်ငံအားလုံး နောက်ဆုံးတွင် ပါဝင်လာကြသည်။ ချေချင်းညာက တစ်ဖက်သတ် လွတ်လပ်ရေးကြေညာသည်။

အတည်ပြု

၁၉၉၂ခုနှစ်တွင် ရုရှားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဆိုဗီယက် ပြည်ထောင်စု၏ အမြဲတမ်းအဖွဲ့ဝင်နေရာကိုရလိုက်သည်။ ၁၉၉၃ခုနှစ် စက်တင်ဘာလတွင် သမ္မတဘောရစ်ယဲ့လ်ဆင်သည် အမတ်များနှင့်သဘောထားကွဲလွဲပြီးနောက် ရွေးကောက်ပွဲခေါ်ယူရန် ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။ အမတ်များက ပါလီမန်အဆောက်အအုံအတွင်း၌ အတားအဆီးချထားလိုက်သည်။ ထိုအခါ ပါလီမန်ကိုတိုက်ရန် သမ္မတယဲ့လ်ဆင်က စစ်တပ်ကို အမိန့်ပေးသည်။ သွေးထွက်သံယိုရှိပြီး ပါလီမန်ကို ပြန်သိမ်းနိုင်သည်။ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတကို အာဏာအများအပြားအပ်နှင်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုလိုက်သည်။

၁၉၉၄ ခုနှစ်တွင် သမ္မတ ဂေါ်ဘာချော့ဗ်အား ၁၉၉၁ ခုနှစ် ဩဂုတ်လက ဖြုတ်ချအာဏာသိမ်းမှုနှင့် ၁၉၉၃ ခုနှစ် ပါလီမန်တွင်း ပုန်ကန်မှုတို့တွင် ပါဝင်သူများအား ရုရှားလွှတ်တော်(ဒူးမား)က အရေးမယူ ခွင့်လွှတ်သည်။ ရုရှားတပ်များ ခွဲထွက်၍ ချေချင်းညာသမ္မတနိုင်ငံကို ဝင်ရောက်သည်။ ၁၉၉၆ ခုနှစ်တွင် သမ္မတယဲ့လ်ဆင်ကို နောက်ထပ်သမ္မတသက်တမ်းအတွက် ပြန်လည်ရွေးချယ်ခဲ့သည်။

၁၉၉၈ ခုနှစ် မတ်လတွင် သမ္မတယဲ့လ်ဆင်က ဝန်ကြီးချုပ် ချာနိုမြာဒင်ကို ဖယ်ရှားပြီး ဆာဂီကီရီယင်ကို အစားထိုးခန့်အပ်သည်။ ၁၉၉၈ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံခြားရေးဝန်ကြီး ပရီမာကော့ဗ်ကို ဝန်ကြီးချုပ်အဖြစ်ရွေးချယ်သည်။ ၁၉၉၉ ခုနှစ် မေလတွင် သမ္မတယဲ့လ်ဆင်က ပရီမာကော့ဗ်ကို ဖယ်ရှားပြီး ဆာဂီစတီပါရှင်ကို အစားထိုးခန့်အပ်သည်။ ထိုနှစ်ဩဂုတ်လတွင် သမ္မတယဲ့လ်ဆင်က စတီပါရှင်ကို ဖယ်ရှားပြီး ဗလာဒီမာပူတင်ကို ခန့်အပ်သည်။ ထိုနှစ် စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် ရုရှား၌ ဗုံးခွဲမှုများ ဆက်တိုက်ပေါ်ပေါက်ပြီးနောက် ဝန်ကြီးချုပ်ပူတင်က ချေချင်းညာသို့ ရုရှားတပ်များ စေလွှတ်သည်။ သမ္မတယဲ့လ်ဆင် နုတ်ထွက်သဖြင့် မစ္စတာပူတင် ယာယီသမ္မတ ဖြစ်လာသည်။ ၂၀၀၀ ပြည့်နှစ် မတ်လတွင် မစ္စတာပူတင် သမ္မတအဖြစ်ရွေးချယ်ခံရပြီး ၂၀၀၄ ခုနှစ် မတ်လ၌ ဒုတိယအကြိမ် ရွေးချယ်ခံရသည်။ မီခေးလ်ဖရက်ကော့ဗ် ဝန်ကြီးချုပ် ဖြစ်လာသည်။ ၂၀၀၇ ခုနှစ်တွင် သမ္မတဟောင်း ဘောရစ်ယဲ့လ်ဆင် ကွယ်လွန်ခဲ့သည်။

သမ္မတရာထူး

၂၀၀၈ ခုနှစ် မတ်လ သမ္မတရွေးကောက်ပွဲတွင် ဒီမီထရီမက်ဗီဒက်ဗ် အနိုင်ရသည်။ ဤနှစ်မေလတွင် သမ္မတပူတင်ထံမှ ဒီမီထရီမက်ဗီဒက်ဗ်က သမ္မတရာထူးလွှဲယူသည်။ မစ္စတာပူတင် ဝန်ကြီးချုပ်ဖြစ်လာသည်။ ဤနှစ်ဩဂုတ်လတွင် ဂျော်ဂျီယာခွဲထွက်ပြည်နယ်အရေးနှင့်ပတ်သက်၍ ရုရှားနှင့်ဂျော်ဂျီယာ ဆက်ဆံရေးအထူးတင်းမာသည်။ ဂျော်ဂျီယာခွဲထွက်ပြည်နယ်နှစ်ခုဖြစ်သည့် တောင်အော်ဆက်တီးယားနှင့် အခါဇီးယားတို့၏ လွတ်လပ်ရေးကို ရုရှားက တရားဝင်အသိအမှတ်ပြုသောအခါ အနောက်အုပ်စုနှင့် ဂျော်ဂျီယာမှ ရုရှား ဆန့်ကျင်ကန့်ကွက်မှုများ ပိုများလာသည်။ ဤနှစ်အောက်တိုဘာလတွင် ကမ္ဘာလုံးဆိုင်ရာ ချေးငွေပြဿနာ ဂယက်ရိုက်ခံရသည့် ဘဏ်များကို ကျားကန်ပေးရန် ဒေါ်လာ ၆၈ဘီလီယံထုတ်ချေးရေးကို ရုရှားပါလီမန်က အတည်ပြုသည်။ ဤနှစ် နိုဝင်ဘာလတွင် သမ္မတမက်ဗီဒက်ဗ်၏ ပထမဆုံးသော နိုင်ငံတော်အခြေပြနှစ်ပတ်လည် မိန့်ခွန်း၌ အမေရိကန်၏ ဗဟိုဥရောပဒုံးပျံကာကွယ်ရေးစနစ်ကို တန်ပြန်ရန် ရုရှားအစိုးရက တာတိုပစ်ဒုံးပျံများ ဖြန့်ကြက်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ သမ္မတ သက်တမ်းတိုးရေးကို လေးနှစ်မှ ခြောက်နှစ်အထိ ပါလီမန်က ထောက်ခံမဲပေးလိုက်သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

သရက်သီးဖျော်ရည် ပုံမှန်သောက်သုံးလျှင် နှလုံးရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်

သရက်သီးဖျော်ရည်ကို ပုံမှန်သောက်သုံးပေးပါက နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

ကြွယ်ဝ

သရက်သီးဖျော်ရည်တွင် ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နှင့် ခန္ဓာကိုယ်တွင်း မလိုလားအပ်သော ဓာတ်ပစ္စည်းများကို ချေဖျက်နိုင်သည့်ဓာတ်များ ကြွယ်ဝစွာပါရှိသည်။ ထို့အပြင် အခြားသစ်သီးများ ကဲ့သို့ ပရိုတင်းပါဝင်မှု နည်းပါးသည်။

တစ်ဖန် သရက်သီးဖျော်ရည်တွင် အမျှင်ဓာတ်ပါဝင်မှုမြင့်မားပြီး ကိုလက် စထရောများမှုကို လျော့ကျစေကြောင်း၊ ဆိုဒီယမ်ပါဝင်မှုလည်း နည်းပါးသည့်အပြင် ဗီတာမင်စီ၊ ပိုတက်ဆီယမ်နှင့် မဂ္ဂနီဆီယမ်တို့လည်း ပါဝင်ကြောင်း သိရသည်။

လျော့ကျစေ

အမျှင်ဓာတ်များကြောင့် ခန္ဓာကိုယ်တွင်း သွေးကလာပ်စည်းများပျက်စီးမှုကို ကာကွယ်ပေးနိုင်ပြီး နှလုံးရောဂါဖြစ်ပွားမှုကို လျော့ကျစေသည်။ ထို့အပြင် သွေးအတွင်း ကိုယ်လက်စထရောမြင့်မားမှုကို ကျဆင်းစေသည့်အပြင် ကင်ဆာဆဲလ်ပြန့်ပွားမှုအား ကာကွယ်ပေးနိုင်သည်။

အမျှင်ဓာတ်

သရက်သီးတစ်လုံး၌ အမျှင်ဓာတ် ၄၀ ရာခိုင်နှုန်းပါဝင်လျက်ရှိရာ ကျန်းမာရေးအတွက် အထောက်အကူပြုစေကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

အင်တာနက်ကျန်းမာရေး

ဘဝအမောပြေ

ငွေဆိုတာ ....

မူလတန်းကျောင်းသားလေးတစ်ဦးက ကျောင်းမှပြန်လာပြီး မိဘနှစ်ဦးအား မေးလေသည်။

သားငယ်။ ။ မေမေ…ကျောင်းမှာ ဆရာမက ငွေဆိုတဲ့အကြောင်း ပြောပြတယ်။

မိခင် ။ ။ ဟုတ်လား…ကောင်းတာပေါ့။

သားငယ်။ ။ ‘ငွေ’ဆိုတာ ဘာလဲဟင်မေမေ။

မိခင် ။ ။ သား‥ဖေဖေ့ကို မေးကြည့်လေ၊ ဖေဖေက အဲဒီငွေတွေကို ရှာနေတဲ့ သူပဲ။

သားငယ်။ ။ ဖေဖေ… ငွေအကြောင်း သားကို ပြောပါဦး။

ဖခင် ။ ။ ငွေဆိုတာ တိုက်၊ မော်တော်ကားနဲ့ မိန်းမလှလေးတွေပေါ့။

သားငယ်။ ။ ဩော်…ဒါထက်ငွေမရှိရင်ရော။

ဖခင် ။ ။ တဲအိမ်၊ ဘတ်စ်ကားနဲ့ သားအမေလိုမိန်းမတွေပေါ့။

မိခင် ။ ။ ‘ဘာပြောတယ်’

ဘဝဒဿန

■ *I find that a great part of the information I have was acquired by looking up something and finding something else on the way.*

❖ *ကျွန်ုပ်သည် တစ်စုံတစ်ရာကို ရှာဖွေကြံဆရင်း ဆည်းပူးရာမှ ကျွန်ုပ်တွင်ရှိသော ဗဟုသုတ၏ ကြီးကျယ်မြင့်မြတ်မှုကို ရှာဖွေတွေ့ရှိသည်။ ထို့အပြင် တစ်စုံတစ်ရာကိုလည်း ရှာဖွေကြံဆခြင်းလမ်းကြောင်းပေါ်တွင် တွေ့ရှိသည်။*

ဖရန်ကလင်းပီအဒမ်စ်

(အမေရိကန်လူမျိုး စာနယ်ဇင်းသမား)

အာကာသသိပ္ပံ



နှစ်တစ်သန်းခန့်က ဆူပွက်ခဲ့သောနေရာ အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် တွေ့ရှိ

အင်္ဂါဂြိုဟ်မျက်နှာပြင်၌ လွန်ခဲ့သည့် နှစ်တစ်သန်းခန့်က ဆူပွက်ခဲ့သော နေရာတစ်ခုကို အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှ ရှာဖွေတွေ့ရှိခဲ့ကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်မျက်နှာပြင် မြောက်ဘက်အစွန်းတွင် အကျယ်အဝန်းပေ ၂၀၀ ပတ်လည်ခန့်ရှိသော နေရာ၌ မျက်နှာပြင်အတွင်းပိုင်းမှ ပေါက်ကွဲထွက်လာသော နေရာများများကို တွေ့ရသည်ဟု ဆိုသည်။

ထိုသို့ တွေ့ရှိရသည့်အရာများတွင် အချို့မှာချိုင့်ကျင်းများဖြစ်ပြီး အချို့မှာ မျက်နှာပြင်အထက်၌ မို့မောက်စူထွက်နေသော အရာများဖြစ်ကြောင်း၊ စုစုပေါင်း ၂၀ခန့်ရှိကြောင်း သိရသည်။

နာဆာသုတေသနပညာရှင်များ၏ သုံးသပ်ချက်အရ လွန်ခဲ့သော နှစ်တစ်သန်းခန့်က အင်္ဂါဂြိုဟ်မျက်နှာပြင်အတွင်းပိုင်း၌ မီးတောင်ကဲ့သို့ပေါက်ကွဲမှုဖြစ်ပေါ်ပြီး မျက်နှာပြင်သို့ ထွက်ရှိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဒီဇင်ဘာ ၂၂

၂၀၀၈ ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို လပခဇုန်(မန္တလေး)၌ ယမန်နေ့က ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်ကစား

(ကက)အုပ်စု မန္တလေးမြို့ ဗထူးအားကစားကွင်း၌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ကက)အုပ်စု မန္တလေးမြို့ အောင်မြေမန္တလာကွင်း၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စည်းဝေး

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်မြို့တော် မိုင် ၃၀ပတ်လည် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီက ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ စံပြစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်၌ကျင်းပရာ စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးကလိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် မလစ်လျှပ်စစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ တိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးကလိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

LOLANE (၁၅) နှစ်မြောက် အထိမ်းအမှတ် Hair Show 2008 အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

Grand Wynn Enterprises Ltd. မှ LOLANE အလှကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခဲ့ခြင်း (၁၅)နှစ်မြောက် Crystal Anniversary အထိမ်းအမှတ် အဖြစ် ကြီးမှူးကျင်းပသော Hair Show 2008 ဆံကေသာပြပွဲကို ဒီဇင်ဘာ ၂၀ရက်က ရန်ကုန်မြို့ Park Royal Hotel ၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ရှေးဦးစွာ အခမ်းအနားတွင် Managing Director ဦးလှဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် Administration Manager ဒေါ်အေးအေးသာထွန်းက ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် Fashion, Style & Design များ အသစ်အသစ် ပြောင်းလဲနေသကဲ့သို့ အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင်လည်း နည်းပညာသစ်များ တိုးတက်ပြောင်းလဲလျက် ရှိနေသည့်အတွက် ကမ္ဘာနှင့်ယှဉ်ပြီး တိုးတက်မှုများကို မျက်ခြည်မပြတ်လိုက်မီစေရန် စေတနာထားလျက်LOLANE Hair Show 2008 ကို ကျင်းပရခြင်း ဖြစ်ကြောင်းနှင့် ၂၀၀၉ခုနှစ်အတွက် အသစ်ထပ်မံထုတ်လုပ်လိုက်သည့် နိုင်ငံတကာ အဆင့်မီအရည်အသွေးမြင့်မားသောAroma Hair Colour Cream ဆံပင်ဆိုးဆေးနှင့် ဆံပင်ဆံသားထိန်းသိမ်းခြင်းဆိုင်ရာHair Repair Treatment အလှကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ TheBeauty Culture Association မှ Former President Mr. Prasertsak Arnakom နှင့် Hair Technique Worldwide Trainer & Professional Hair Stylist တို့က ဆန်းပြားလှပသည့် ဆံကေသာ Hair Fashion Show များနှင့် LOLANE Aroma Colour သုံးစွဲပုံ သုံးစွဲနည်းစနစ်များ၊ ၂၀၀၉ ခုနှစ် ဆံပင်ပုံစံဒီဇိုင်းများနှင့် ဆံထုံးပုံစံများ ပြုလုပ်ပုံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသသည်။

သင်ကြားပြသပေးမည်

LOLANE အလှကုန်ပစ္စည်းများကို အစဉ်တစိုက် အားပေးသုံးစွဲနေသည့် LOLANE Slon Club အဖွဲ့ဝင် ဆံကေသာ အလှပညာရှင် Professional Member များအတွက် ဒီဇင်ဘာ၂၂ရက်တွင် Park Royal Hotel ၌ နိုင်ငံတကာတွင် ရေပန်းစားနေသည့် ဆံပင်ပုံစံဒီဇိုင်းသစ်များ၊ ဆံထုံးပုံစံများနှင့် ဆံကေသာ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များကို သင်ကြားပြပေးသွားမည့် Work Shop 2008 ကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အမှတ်တရဂုဏ်ပြု

အဆိုပါအခမ်းအနားတွင် LOLANE အလှကုန်ပစ္စည်းများအား (၁၅)နှစ်တာကာလအတွင်း ဖြန့်ဖြူးရောင်းချပေးခဲ့သည့် ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်ကြီးများနှင့် LOLANEမှ ပြုလုပ်ခဲ့သည့် ကာယအလှမယ်ပြိုင်ပွဲများ၊ ဖက်ရှင်မယ်ပြိုင်ပွဲများတွင် ကူညီပံ့ပိုးဆောင်ရွက်ခဲ့သူများနှင့် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များအား အမှတ်တရ ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

စုံစမ်းမေးမြန်းနိုင်

Grand Wynn Enterprises Ltd. သည် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော ဆံပင်နှင့် အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ LOLANE အမှတ်တံဆိပ် Hair & Skin Care အလှကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ ကိုယ်စားလှယ်ရယူ၍ ဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် LOLANE Slon Club အဖွဲ့ဝင်အဖြစ် Professional Member ဝင်လိုသူများ အနေဖြင့် Grand Wynn Enterprises Ltd. အမှတ်(၄၀) ဖ၇လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊၂၉၁၃၁၈နှင့် e-mail:grandwyn@ myanmar.com.mm တို့သို့ အသေးစိတ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Grand Wynn Enterprises Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးလှဝင်း LOLANE (၁၅)နှစ်မြောက်အထိမ်းအမှတ်Hair Show 2008 ဆံကေသာ ပြပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက် စကား ပြောကြားစဉ်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ သဘင်ပညာရှင်များ အစည်းအရုံး ဆိုင်းဘုတ်တင်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၁၀နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက် မြလမ်းမကြီးပေါ်ရှိ အစည်းအရုံးတည်ရာ ခန်းမ၌ကျင်းပသည်။

အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြို့နယ်သဘင်ပညာရှင်များအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်တို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်တို့က အမှာစကားပြောကြားပြီး အဖွဲ့ဝင်ဒေါ်မြသန်းကြည်က ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါအခမ်းအနားသို့ အစည်းအရုံးဝင် ၆၀ကျော်နှင့် ရပ်ကွက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(၁၀၀)**

သာယာဝတီမြို့ ကွက်သစ် အလက အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်း သာယာဝတီမြို့ ကွက်သစ် အလကကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ရက် (ခရစ္စမတ်နေ့) နံနက် ၉နာရီတွင် အဆိုပါမြို့ရှိ ဒေါ်အရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် ရန်ကုန်မြို့မှ ဦးလေးလွင် ဖုန်း-၀၉-၈၆-၁၀၇၂၂၊ ဦးထွန်းမြတ် ဖုန်း-၀၉-၅၀-၃၅၄၀၄၊ သာယာဝတီမြို့နယ်အသင်း(ရန်ကုန်)နှင့် သာယာဝတီမြို့မှ ဦးဖေဝင်း ဖုန်း-၀၅၅-၃၀၆၇၀၊ ဦးမျိုးသန့်ချော ဖုန်း-၀၅၅-၃၀၇၀၅၊ ၀၅၅-၃၀၈၀၀နှင့် ဦးမြတ်စိုးအောင် ဖုန်း-၀၅၅-၃၀၇၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

သီပေါ၌ ဒီဇင်ဘာ စုပေါင်းလမ်းလျှောက်

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ရက် နံနက် ၅နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်အသင်းရုံးရှေ့စုရပ်၌ ကျင်းပရာ မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးအတိုင်း စတင်တာထွက်လမ်းလျှောက်ကြပြီး မန်ပဲကျေးရွာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်တိုးဂိတ်တွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ်များကို စုပေါင်းလေ့ကျင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ထီးလင်းမြို့၌ စာအုပ်များလှူဒါန်း

ဂန့်ဂေါခရိုင် ထီးလင်းမြို့ မိုးဆမ်းပန်းစာကြည့်တိုက်၌ စာအုပ်များလှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို နိုဝင်ဘာ၂၃ရက်ကကျင်းပရာ အလှူရှင်များ လှူဒါန်းသော အလှူငွေနှင့် စာအုပ်မျိုးစုံတို့ကို စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်အောင်က လက်ခံယူခဲ့သည်။ (ခရိုင် ပြန်/ဆက်)

မြင်းမူမြို့၌ ကြက်ခြေနီအဆိုပြုလွှာပေးအပ်

မြင်းမူမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဆိုင်းဘုတ်တင်ပွဲနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံး၌ ဒီဇင်ဘာ ၁၆ရက် နံနက်၇နာရီခွဲက ကျင်းပခဲ့သည်။ (၀၃၅)

ဟားခါး၌စာအုပ်စာစောင်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ဟားခါးမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ဒီဇင်ဘာ၁၉ရက် နံနက် ၉နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ စာကြည့်တိုက်၌ ကျင်းပရာ ဟားခါးမြို့နယ်ဥက္ကဋ္ဌ ဦးဆွေခန့်ထန်က အမှာစကားပြောကြားပြီး အလှူရှင်များက စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ (မြို့နယ် ပြန်/ဆက်)

ပျော်ဘွယ်မြို့၌ စာကြည့်တိုက်လက်မှတ်ပေးအပ်

ပျော်ဘွယ်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်မှတ်ပုံတင်သက်သေခံလက်မှတ်ပေးအပ်ပွဲကို ဒီဇင်ဘာ၃ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစန်းဌေးနှင့် မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူးဒေါ်မေသန္တာအောင်တို့က ကျေးရွာ ၇၀အတွက် စာကြည့်တိုက်မှတ်ပုံတင် သက်သေခံလက်မှတ်များပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။ (မြို့နယ် ပြန်/ဆက်)

ဆီဆိုင် အထက ဆိုက်ခေါင်၌ ပညာရည်ချွန်ဆုပေး

ဆီဆိုင်မြို့နယ် ဆိုက်ခေါင် အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီက ဆိုက်ခေါင် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဦးထွန်းဝင်းနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သော ကျောင်းသားကျောင်းသူများနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ရေစကြိုမြို့၌ လုပ်ငန်းညှိနှိုင်းဆွေးနွေး

မကွေးတိုင်း ရေစကြိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ ဒီဇင်ဘာ ၅ရက် နံနက်၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များတွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်း ဆွေးနွေးကြသည်။ (၀၆၉)

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆွေးနွေး

ပုတာအိုခရိုင် နောင်မွန်မြို့နယ် အစိုးရအထက်တန်းကျောင်း ထလမ်းရာဇီခန်းမတွင် နိုဝင်ဘာ ၁၇ရက် နံနက်၁၀နာရီက တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် ညစာကျက်ဝိုင်းဖွင့်လှစ်ရန် ဆွေးနွေးပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းရွှေက အဖွင့်အမှာစကားပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့ အသိပေးဆွေးနွေး

စစ်ကိုင်းတိုင်း မြောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၈) မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ဆေးရုံခန်းမတွင် ကျင်းပခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ကာမိုင်းမြို့၌ သဲကျောက်ဖြန့်ခင်းခြင်းဆောင်ရွက်

ကာမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော (မြို့ပြ)မအူပင်စုလမ်းအား သဲကျောက်ဖြန့်ခင်းခြင်းကို နိုဝင်ဘာ ၂ ရက်က အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)ဦးယုန်ဖုက ဆောင်ရွက်လျက်ရှိရာ မြို့တာဝန်ခံ(ဦးစီးအရာရှိ)ဦးမိုးလွင်က ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

မြင်းခြံ အေးမြသီတာဈေး၌ မီးဘေးကာကွယ်ရေးဟောပြော

မန္တလေးတိုင်း မြင်းခြံမြို့နယ် အေးမြသီတာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်(အေးမြသီတာဈေး)တို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို နိုဝင်ဘာ ၂၇ ရက်က ဈေးတာဝန်ခံရုံးရှေ့ရှိ ကွက်လပ်၌ ကျင်းပခဲ့သည်။ (၀၈၇)

ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်မှု ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဒီဇင်ဘာ ၂၀ရက် နံနက် ၆နာရီက ကသာဘူတာယာဒ်ဝင်းအတွင်း သစ်သားဇလီဖားတုံးများ စုဆောင်းထားရှိမှုနှင့် ခရီးသည်နားနေဆောင်များကို စစ်ဆေးသည်။

ယင်းနောက် မြို့သစ်ဘူတာ ယာဒ်ဝင်း တည်ဆောက်မည့်နေရာနှင့် မြေသားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပေါမမြိုင်ရှိ ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ ဦးမြတ်လင်းက ရထားလမ်းဖောက်လုပ်မှု အခြေအနေနှင့် လုပ်ငန်းတိုးတက်မှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်း တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကသာ-ဗန်းမော် ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြေသားလုပ်ငန်းဆောင်ရွက်

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မြေသားလမ်းဖောက်လုပ်ပြီးစီးမှုများ၊ ပေ ၄၀အောက် တံတားများဖြစ်သော တံတားအမှတ်(၄)၊ (၅)၊(၉)တို့ တည်ဆောက်ပြီးစီးမှု၊ မင်းလယ်ဘူတာရုံတည်ဆောက်မည့်နေရာ၊ မင်းလယ်ချောင်းတံတား တည်ဆောက်မည့်နေရာနှင့် မြေသားတာပေါင်များကို ကြည့်ရှုစစ်ဆေးပြီး ချိန်းအမှတ် (၄၃၆)၌ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ချိန်းအမှတ်(၄၈၀)၌ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ချောင်းမကြီးချောင်းကိုဖြတ်၍ တံတားတည်ဆောက်ရန် မြေဖို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးသည် ချိန်းအမှတ်(၆၄၂)၌စက်ယန္တရားများဖြင့်လုပ်ငန်းဆောင်ရွက်နေမှုနှင့် နဘားဘူတာယာဒ်ဝင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ES4E Parent's Day အခမ်းအနားကျင်းပ

ES4E Language and Training Centre ၏ Parent's Day အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၂

ES4E Language and Training Centre ၏ Parent's Day အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက်နှင့် ၂၁ရက်တို့တွင် အဆိုပါ ကျောင်းတည်ရှိရာ အမှတ်၅၁ (C/D) ကမ္ဘာအေးစေတီလမ်း ရန်ကုန်မြို့၌ ကျင်းပရာ Corporate Advisor, Mr. Shinji Arima က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းအုပ်ကြီး ဒေါက်တာစိုးဝင်းက သင်တန်းကျောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဧည့်ခံဖျော်ဖြေ

ဒီဇင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် Pre-School ကျောင်းသား ကျောင်းသူကလေးများ၊ ဒီဇင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် Weekend Class နှင့် Regular Class များမှ ကျောင်းသား ကျောင်းသူများက မိဘများနှင့် ဧည့်သည်များအား အင်္ဂလိပ်သီချင်းများ၊ ကဗျာများ၊ သရုပ်ဖော် အင်္ဂလိပ်စကားပြော အစီအစဉ်နှင့် အကပဒေသာတို့ဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ဆက်သွယ် စုံစမ်းနိုင်

ES4E Language and Training Centre တွင် Pre-School နှင့် KG မှအခြေခံပညာအထက်တန်းအဆင့်အထိ အင်္ဂလိပ်စာသင်တန်းအမျိုးမျိုးနှင့် GCE သင်တန်းများကို တစ်နှစ်ပတ်လုံးဖွင့်လှစ် သင်ကြားလျက်ရှိရာ ၂၀၀၉ ခုနှစ် နွေရာသီ အင်္ဂလိပ်စာသင်တန်းများကို ၂၀၀၉ခုနှစ် မတ် ၃ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဖုန်း-၆၆၂၉၇၀၊ ၆၆၃၈၂၀နှင့် ၆၆၂၉၃၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ရွှေပြည်သာ အမက(၁၆) ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

ရွှေပြည်သာမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီက ဟေမာန်ဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဆရာကြီးဦးညွန့်ရွှေက အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ပညာရည်ထူးချွန်ဆုပေးပွဲ ကျင်းပရာ အတန်းလိုက်၊ ဘာသာရပ်လိုက် ဆု၁၄၉ဆုအနက် ဤကျောင်းမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သော မဆုနန္ဒလှိုင်နှင့် မခိုင်စန္ဒီဝင်းတို့အား ကျောင်းအုပ်ဆရာကြီး ဦးကံညွန့်က ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ကြောင်း **(ယာပုံ)** သိရသည်။ **(၁၁၁)**

ကျွန်းစုမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေး ကျွန်းစုမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ကီလိုဝပ် ၁၂၀ စပါးခွံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ဖြင့် ဓာတ်အားဖြန့်ဖြူး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၂

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒီဇင်ဘာ၁၉ရက် နံနက်ပိုင်းတွင် ပုလောမြို့နယ် မလိကျွန်း မလိခန်းမ၌ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့် မိသားစုဝင်များအားတွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် နယ်မြေခံတပ်ရင်းရှိ ခြံစည်းရိုးကြက်ဆူစိုက်ခင်း၊ မလိကျွန်း အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် မြန်မာ့ဆက်သွယ်ရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း မလိပုလဲမွေးမြူရေးစခန်းသို့ရောက်ရှိရာ မွေးမြူရေးစခန်း မန်နေဂျာက မုတ်ကောင်ပျို ဝတ်ဆံသွင်းနေမှုနှင့် ပုလဲရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မုတ်ကောင် မွေးမြူထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆေးဝါး

ထိုမှတစ်ဆင့် ပုလောမြို့နယ် ကျောက်ကာကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြားကာ ဆေးရုံကို ကြည့်ရှုစစ်ဆေး၍ ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို လှူဒါန်းသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ညနေပိုင်းတွင် ကျွန်းစုမြို့သို့ ရောက်ရှိပြီး တနင်္သာရီခန်းမ၌ နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

စပါးခွံဓာတ်ငွေ့သုံး

ယင်းနောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး ကီလိုဝပ် ၁၂၀ စပါးခွံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ဖြင့် ဓာတ်အားဖြန့်ဖြူး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အားပေး

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား အားပေးကာ ဆေးရုံကိုကြည့်ရှုစစ်ဆေး၍ ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများကို လှူဒါန်းသည်။

ထောက်ပံ့

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကျွန်းစုရဲစခန်းကို စစ်ဆေးပြီး မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်သည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ကုန်သေတ္တာ/ယာဉ်စစ်ဆေးသည့် မိုဘိုင်းလ်-အိတ်စ်ရေးစက် လွှဲပြောင်းလက်ခံ

ရန်ကုန် ဒီဇင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လှူဒါန်းသော ကုန်သေတ္တာ/ယာဉ်စစ်ဆေးသည့် Mobile X-Ray စက် လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ၌ ကျင်းပသည်။

လက်မှတ်ရေးထိုး

ရေးဦးစွာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် Mr. Tang Hai တို့က ကုန်သေတ္တာ/ယာဉ်စစ်ဆေးသည့် Mobile X-Ray စက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများ လွှဲပြောင်းလက်ခံနိုင်ရေးအတွက် လက်မှတ်ရေးထိုးကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် တာဝန်ရှိသူများ၊ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးအဖွဲ့ဝင်များသည် ကုန်သေတ္တာများကို Mobile X-Ray စက်ဖြင့် လက်တွေ့သရုပ်ပြစစ်ဆေးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ Mobile X-Ray စက်သည် ခေတ်မီစက်ပစ္စည်းအမျိုးအစားဖြစ်ပြီး ကုန်စည်စီးဆင်းမှုကို ပိုမိုသွက်လက် မှန်ကန်မြန်ဆန်ရေးအတွက် နိုင်ငံများစွာ၌ အသုံးပြုလျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော် ကုန်သေတ္တာဆိပ်ကမ်းရှိ ကုန်သေတ္တာစခန်းသို့ ရောက်ရှိပြီး သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများ ကြပ်မတ်စစ်ဆေးနေမှုကိုလည်းကောင်း၊ အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိပြီး ကုန်သေတ္တာများ ဝင်ထွက်မှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော Mobile X-Ray စက်ဖြင့် ကုန်သေတ္တာများအား လက်တွေ့သရုပ်ပြစစ်ဆေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တတိယအကြိမ်မြောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၀၈ခုနှစ် တတိယအကြိမ်မြောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ရှိ ဗဟန်း ခရစ်ကက်လေ့ကျင့်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အမှုဆောင်များ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ခရစ်ကက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အမှာစကားပြော

ရေးဦးစွာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် **(အောက်ယာပုံ)**က အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများက အားကစား သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။ ထို့နောက် ဖွင့်ပွဲနေ့ ပြိုင်ပွဲ ပွဲစဉ်များကို ကျင်းပသည်။

အနိုင်ရရှိ

ယနေ့ နံနက်၈နာရီတွင် ယင်းလေ့ကျင့်ရေးကွင်း၌ ဆက်လက်ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် အထက(၁) လသာမြို့နယ်အသင်းက အထက(၁) ကျောက်တံတားမြို့နယ်အသင်းကိုလည်းကောင်း၊ အထက(၄) မင်္ဂလာတောင်ညွန့်မြို့နယ်အသင်းက အထက(၂) ဗဟန်းမြို့နယ်အသင်းကိုလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ၌ အထက(၁) ဗဟန်းမြို့နယ်အသင်းက အထက(၃) မင်္ဂလာတောင်ညွန့်မြို့နယ်အသင်းကိုလည်းကောင်း အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲကို ဒီဇင်ဘာ၂၃ရက် နံနက် ၈နာရီတွင် ဗဟန်း ခရစ်ကက်လေ့ကျင့်ကွင်းနှင့် အထက(၁)လမ်းမတော်မြို့နယ် ခရစ်ကက်အားကစားကွင်းတို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း (MMEA) ၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ညစာစားပွဲကို ဒီဇင်ဘာ ၂၇ရက် (စနေနေ့) ညနေ ၅နာရီတွင် Lion City Hall စားသောက်ဆိုင် ဘုရင့်နောင်လမ်း ရေကြောင်းသိပ္ပံရှေ့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၁၂-၂၀၀၈ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ အဆိုပြိုင်ပွဲ
၇:၅၀	၅။ **ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်** ထွန်းထွန်းဝင်း၊ ဖိုးသောကြာ၊ မေသန်းနု၊ ပပဝင်းခင်၊ ဝင့်နန္ဒာဖြိုး (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)
၈:၀၀	၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅	၇။ အကပြိုင်ပွဲ
၈:၂၀	၈။ တေးဂီတအစီအစဉ်
၈:၃၀	၉။ International News
၈:၄၀	၁၀။ Local Talent
၉:၀၀	၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၁၅	၃။ အတီးပြိုင်ပွဲ
၄:၂၅	၄။ တေးဂီတအစီအစဉ်
၄:၃၅	၅။ ဝန်းကျင်တစ်ခွင်ကောင်းကျိုးပေးတီစွန့်ပစ်မြေဆွေး (အပိုင်း-၁)
၄:၅၀	၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅:၀၅	၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀	၈။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၅:၂၀	၉။ **ရေမြင့်ကြာတင့်** ခန့်စည်သူ၊ ဇရာ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ထင်ပေါ်၊ ငွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၅:၄၀	၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ
၆:၀၀	၁၁။ ညနေခင်းသတင်း
၆:၃၀	၁၂။ မိုးလေဝသအခြေအနေ
၆:၃၅	၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၅	၁၄။ ဆိုလိုက်ကြစို့
၇:၂၀	၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရူပါမင်းနှင့် မာနရှင်** (အပိုင်း-၁၈)
၈:၀၀	၁၆။ ပြည်တွင်းသတင်း
	၁၇။ နိုင်ငံတကာသတင်းများ
	၁၈။ မိုးလေဝသအခြေအနေ
	၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၁၂)

23-12 (08).pmd 1 12/23/2008, 2:00 AM



ပြည်တွင်းပြည်ပ ခရီးသည်များ အနားယူအပန်းဖြေတည်းခိုနိုင်ရန် ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ မြောက်ဦးမင်းသမီး ဟိုတယ်ကလည်း ဤသို့ ဆွဲဆောင်မှုရှိလှသည်။ (မြန်မာ့အလင်း)

■ *ကျော်ဖုံးမှ*

ကျောက်တော်မြို့မှ ထွက်သည်နှင့် ကစ္ဆပနဒီတံတားကြီးက ငွားငွားစွင့်စွင့်၊ တောင်ကမူထိပ်တွင် အဝေးမှ မြင်နိုင်အောင် ဆီးကြိုနေသည်။ ကျောက်တော်မြို့၏ ဒေသခံများအတွက် လွန်စွာတန်ဖိုးကြီးလှသော ပြည်ထောင်စုကြီး၏ ဆုလာဘ်တစ်ခုပင် ဖြစ်လေသည်။

ကျောက်တော်မြို့တည် သမိုင်းမှ တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်မယူမီအထိ ဒေသခံများ မော်တော်ကားလမ်းကို တွင်တွင်ကျယ်ကျယ် မသုံးရ။ ကမ်းရိုးတန်းသွား မီးသင်္ဘောများနှင့် ဒေသခံများ ခရီးသွား စီးပွားရေး ကူးလူးခဲ့ရသည်။ ငွေ၊ အချိန်ကုန်ကျမှု များပြားပြီး ဖွံ့ဖြိုးတိုးတက်မှုများ ဖင့်နှေးနောက်ကျခဲ့ရသည်။

သွားလာမှုလွယ်ကူ

ယခုအခါ ကစ္ဆပနဒီတံတားကြီးကြောင့် ကျောက်တော်မြို့မှမြောက်ဦး၊ ပုဏ္ဏားကျွန်း၊ စစ်တွေမြို့များသာမက ဧရာဝတီမြစ် အရှေ့ဘက်ကမ်း ပြည်မြို့မှတစ်ဆင့် မြစ်ကြီးနား၊ ရန်ကုန်၊ ထားဝယ်အထိ အောင်မြင်စွာ သွားလာကုန်ကူးနိုင်ခဲ့လို့ ဒေသခံများအနေဖြင့် မော်တော်ကားလမ်းများ တွင်တွင်ကျယ်ကျယ် သုံးနိုင်ခဲ့သည်။

ဒေသခံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသည်ကို သတင်းအဖွဲ့ တွေ့ခဲ့ရသည်။ မော်တော်ကားဂိတ် အသီးသီးမှ ချိတ်ဆွဲထားသည့် ခရီးစဉ်များ၊ မော်တော်ယာဉ်များထွက်မည့် နေ့ရက်များ၊ နေ့စဉ်ထွက် ကားဂိတ်များကို နံနက်စောစော နှင်းမှုန်ကြားတွင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ဝမ်းသာအားရ မြင်တွေ့ရသည်။

မြောက်ဦးကားဂိတ်တွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏စီစဉ်ပေးမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှစ်ဦးက အသင့်စောင့်ကြိုကာ တည်းခိုရမည့် ဧည့်ရိပ်သာသို့ လိုက်ပို့ နေရာချထားပေးသည်။

အေးချမ်းစွာနေထိုင်

နံနက်စာ စားပြီးသည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်ထွန်းက "ကျွန်တော်တို့ မြို့နယ်ဟာ ဆန်အထွက်ကောင်းတဲ့ မြို့နယ်ဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ခုနှစ်မှာ မိုးစပါးဧက ၁၃၇၂၂၀ စိုက်ပျိုးရာ ၁၀၂၅၉၈၄၈ဧကေ ထွက်လို့ တစ်ဧကေ ၇၄ ဒသမ ၇၇ တင်းနှုန်း ထွက်ပါတယ်။ မနှစ်က ဆန်ဖူလုံမှုမှာ ၂၆၄ ဒသမ ၁၅ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာ မြို့ပေါ် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၄အုပ်စုမှာ လူဦးရေ ၂၂၂၀၄၀ အေးချမ်းစွာ နေထိုင်ပါတယ်"ဟု ရှင်းလင်းပြောပြသည်။

မြောက်ဦးမြို့နယ်သည် ဧရိယာ စတုရန်းမိုင် ၄၉၀ ဒသမ ၉၇ မိုင်၊ ဧရိယာဧက ၃၁၄၂၂၄ဧက ကျယ်ဝန်းပြီး ရပ်ကွက် ခြောက်ရပ်ကွက် ကျေးရွာပေါင်း ၂၅၁ရွာဖြင့် ဖွဲ့စည်းထားသည်။

စိုက်ပျိုးရေး

မြို့နယ်စိုက်ပျိုးရေးဌာနမှမန်နေဂျာ ဦးနိုင်မင်းလှိုင်၊ ဦးစိုးနိုင်တို့က မြို့ဝင်မြို့ထွက် စံပြဧက ၄၀၀တွင် လယ်သမားကြီး ၈၀တို့က ပိုင်ဆိုင်ကြောင်း၊ စိုက်ပျိုးရေးဌာန၏ နည်းပညာပံ့ပိုးမှု၊ သဘာဝဓာတ်မြေသြဇာသုံးစွဲမှုကြောင့် ပျမ်းမျှ တစ်ဧကေ ၉၁ဒသမ ၂၆ တင်းထွက်ကြောင်း၊ ဒေသခံ လယ်သမားအများစုမှာ မိရိုးဖလာ နွားချေးဖြင့် စိုက်ပျိုးရာတစ်ဧကေ၇၄ ဒသမ၇၇ တင်းသာထွက်ကြောင်းနှင့် ဆောင်းသီးနှံ ၁၅၁၈၃ဧကေတွင် မြေပဲဧကေ ၂၉၀၀၊ ဆီမုန်ညင်း၁၁၃၆၁ဧကေ၊ နေကြာ၅၉၉ဧကေ၊ နှမ်း ၂၂၅ဧကေ၊ ပဲနှမ်း

မြောက်ဦးမင်းသမီး ဟိုတယ်မှ သပ်ရပ်လှပသည့် အိပ်ခန်းတစ်ခန်း၏ မြင်ကွင်း။ (မြန်မာ့အလင်း)

၉၈ဧကေ စိုက်ပျိုးထားကြောင်း၊ ဆီဖူလုံမှုမှာ ယမန်နှစ်က ၇၀ ဒသမ ၀၇ ဖြစ်ကြောင်း မြန်မာ့အလင်း သတင်းအဖွဲ့ကို ရှင်းလင်းပြသည်။

မြောက်ဦးမြို့နယ်တွင် ရေချိုရသည့် လေးမြို့ မြစ်ကမ်းဘေးတစ်လျှောက်ရှိ ဟင်းသီးဟင်းရွက်စိုက်ခင်းများသည် ခြေနင်းရေတင်စက်များသုံး၍ သိပ္ပံနည်းဖြင့် ခေတ်မီ သုံးသီးစားသုံးကြိမ်စိုက်ပျိုးရာ ကိုင်းတောင်သူများ ဝင်ငွေ များစွာကောင်းသဖြင့် ရုပ်မြင်သံကြားစက်များ၊ မော်တော်ဆိုင်ကယ်များ၊ အချို့မှာ CDMA (ကမ်းရိုးတန်း တယ်လီဖုန်း)များဖြင့်ပင် ဖွံ့ဖြိုးစည်ပင်နေကြကြောင်း သိရသည်။

ဆက်သွယ်ရေး

မြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းတယ်လီဖုန်း တာဝန်ခံဦးသန်းနိုင်က "ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းတွင် E-PABX စနစ်ဖြင့် Semi-Auto တယ်လီဖုန်း အလုံး ၂၆၀ တပ်ဆင်အသုံးပြုနေပြီး အဝင်အထွက် ၁၅ လိုင်းရှိကြောင်း၊ CDMA ဖုန်း အလုံး ၅၀၀ကျော် ဆက်သွယ်နိုင်သည့် စက်များတပ်ဆင်ပြီးသဖြင့် မကြာမီ အမှန်တကယ်အသုံးပြုမည့် ဒေသခံများအား သက်ဆိုင်ရာ၏ ခွင့်ပြုချက်နှင့်အညီ အလုံး ၅၀၀ ကျော် ချထားပေးမည်ဖြစ်ကြောင်း" ပြောပြသည်။

ကြက်ချေးတံတား

သတင်းအဖွဲ့သည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်လှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးမြင့်စိုးနှင့်အတူ ကြက်ချေးအနီး တည်ဆောက်လျက်ရှိသော ကြက်ချေးတံတားစီမံကိန်းသို့ သွားရောက် လေ့လာ မှတ်တမ်းတင်ခဲ့ပါသည်။

ကြက်ချေးတံတားစီမံကိန်းတံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၀)တွင် အင်ဂျင်နီယာမှူး(မြို့ပြ)ဦးပိုင်ဖြစ်ကြောင်း မြန်မာ့အလင်း သတင်းအဖွဲ့က သိရသည်။ မြောက်ဦးမြို့နယ်တွင် ကြက်ချေးတံတား တည်ဆောက်၍ ပုဏ္ဏားကျွန်းမြို့နယ်တွင် ဂဏန်းတောင်တံတားတည်ဆောက်ခြင်း လုပ်ငန်းများ အဖွဲ့(၁၀)က လုပ်ကိုင်နေကြောင်း၊ ကြက်ချေး တံတားမှာ အရှည်ပေ ၇၀၊ အကျယ် ၃၂ပေရှိသော လူသွားလမ်း တစ်ဖက်လေးပေစီအပါအဝင်ဖြစ်ကြောင်း၊ တံတား အမျိုးအစားမှာ အုတ်မြစ် ၀ ဒသမ ၈မီတာ အချင်းရှိ မီနီဘိုးပိုင်နှင့် ကိုယ်ထည်အပေါ်ထည်တို့မှာ သံကူကွန်ကရစ်များဖြစ်သည်။

ရာသီမရွေးသွားလာနိုင်

ခွင့်ပြုအလေးချိန်တန် ၆၀ဖြစ်ကာ တံတားကင်းလွတ်နယ်မြေမှာ အကျယ်ပေ၆၀၊အမြင့်၅ပေဖြစ်ကာ နိုင်ငံတော်မှငွေကျပ်သိန်း၂၇၇၀ကျော်အကုန်အကျခံကာ မြောက်ဦး-စစ်တွေ၊မြောက်ဦး-တောင်ကုတ်သို့ ရာသီမရွေး သွားလာနိုင်ရန် ဆောက်လုပ်နေခြင်းဖြစ်ရာ သတင်းအဖွဲ့ ရောက်ရှိချိန်တွင် ၈၀ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ရာ မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်သည်။

တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၀)သည် မင်းပြားမြို့နယ်၌ အလျားပေ ၉၀ ရှိ မြောင်ရှည်တံတား၊ မြောက်ဦးမြို့နယ်၌ အလျား၇၅ ပေရှိ ရှမ်းတောင်တံတားနှင့် ကျောက်တော်မြို့နယ်တွင် အလျားပေ ၆၀ ရှိသော ပုဇွန်းတံတားများ ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆက်လက် ဆောက်လုပ်သွားမည် ဖြစ်သည်။

ဖွံ့ဖြိုးရေး

၁၉၈၈ခုနှစ် နောက်ပိုင်းတွင် အမ်း-စစ်တွေလမ်းအပိုင်း၌ ပေ၁၀၀ အထက်တံတား ၂၆စင်း၊ ဘေလီတံတား ရှစ်စင်း၊ သစ်သားတံတား နှစ်စင်း၊ ကွန်ကရစ်တံတား ၁၂စင်း၊ သံပေါင်တံတား သုံးစင်း၊ ဘေလီ ကြိုးတံတား တစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ချစ်ခင်ရင်းနှီးမှုဖြစ်ပေါ်စေရန်အတွက် ဆောက်လုပ်ပေးခဲ့ရာ မြောက်ဦးမြို့နယ်တွင် ပေ၂၄၀ ရှည် သံကူကွန်ကရစ် ပေါင်းတုတ်တံတား၊ ပေ ၇၄၀ ရှည် သံကူကွန်ကရစ်+ဘေလီ မြောင်းဘွေတံတား၊ ပေ၁၂၀ ရှည် သံကူကွန်ကရစ် လက္ကာတံတား၊ ပေ၃၁၀ ရှည် သံကူကွန်ကရစ်+သံပေါင် တိမ်ညိုတံတားတို့ ဖြစ်ကြောင်း သိရသည်။

စည်ပင်သာယာ

မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့က မြောက်ဦးမြို့နယ်တွင် ကတ္တရာလမ်း လေးမိုင်ကျော်၊ ကျောက်ချောလမ်း သုံးဖာလုံ၊ မြေလမ်း လေးမိုင်ကျော် ဆောင်ရွက်ပြီးစီးမှု၊ မြို့တွင်း ကပ်တုံးများ ပေ ၄၂၀၀၊ မြို့တွင်း ပလက်ဖောင်းများ ပေ၃၂၀၀ ဆောင်ရွက်ပြီးစီးမှုနှင့် ပြည်ပခရီးသည်များ အမှတ်တရစီးနင်းသည့် မြင်းလှည်း ၃၅စီးနှင့် ဒေသခံများ သွားလာရေး အဆင်ပြေစေရန်အတွက် ဆိုက်ကား အစီး ၆၆၀ ကို လိုင်စင်ထုတ်ပေးမှုများ ရှင်းလင်းပြောပြသည်။

ထို့ပြင် ဇိနမာန်အောင်လမ်း ပေ ၂၄၀၀×၁၂ပေ×၇လက်မ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် မြို့ပတ်လမ်း အရှည်ပေ ၃၃၅၀× အကျယ် ၁၂ပေ× ထု ၇လက်မ ကျောက်ချောခင်းခြင်း၊ မင်္ဂလာမာန်အောင်လမ်း အရှည်ပေ ၄၈၄၀×၁၂ပေ×၇ လက်မ ကျောက်ချောခင်းခြင်း၊ ပေါင်းတုတ်-လေးမြို့စားလမ်း အရှည်ပေ၁၉၇၀× အကျယ် ၁၂ပေ× ထု၇လက်မ လမ်းကျောက်ချောခင်းခြင်း၊ အရှည် ၄၅ပေ× အကျယ် ၁၂ပေရှိ ဘောင်းဒွတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောက်ဦးမြို့တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ၄၆ဦး တည်းခိုနိုင်သည့် မြောက်ဦးဟိုတယ်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ၆၀ တည်းခိုနိုင်သော နဝရတ်၊၃၀ တည်းခိုနိုင်သော ဝေသာလီ၊ ၂၈ဦး တည်းခိုနိုင်သော ပရင့်နှင့် ၄၂ဦး တည်းခိုနိုင်သော မကြာမီဖွင့်လှစ်မည့် မြောက်ဦး မင်းသမီး အစရှိသည့် အဆင့်မြင့်ဟိုတယ်များနှင့် ပုဂ္ဂလိကတည်းခိုခန်း ခုနစ်ခန်းရှိကြောင်း မြောက်ဦး ဟိုတယ် မန်နေဂျာ ဦးအောင်မျိုးသိမ်းက ပြောပြသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ခရီးပန်းသော်လည်း အနားမယူနိုင်တော့ဘဲ မြောက်ဦးမင်းသမီးဟိုတယ်သို့ သွားရောက်လေ့လာရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်လှိုင်၏ ကူညီစီစဉ်ပေးမှုဖြင့် အဆင်ပြေလှသည်။

ဟိုတယ်မန်နေဂျာမှာ အသံဝဲဝဲဖြင့် ရှမ်းတိုင်းရင်းသူဖြစ်ပြီး မြန်မာ့အလင်းသတင်းအဖွဲ့ကို ခန်းမဆောင်ကြီးအပေါ်ထပ်တွင် ဧည့်ခံကာ သိလိုသမျှ ရှင်းလင်းပြောပြကြသည်။

မြောက်ဦးမင်းသမီး ဟိုတယ်ကို ပုဂ္ဂလိက လုပ်ငန်းရှင်က ငွေကြေးအမြောက်အမြား အကုန်အကျခံကာ သိင်္ဂါနဒီမြစ်ဘေးတွင် ၃၈ ဧကကျယ်ဝန်းသည့် မြေပေါ်တွင် နှစ်ယောက်အိပ်ခန်းတစ်ခန်းပါ အဆောက်အအုံ ၂၁လုံးနှင့် စားသောက်ခန်းမကြီး၊ ဝန်ထမ်းအိမ်ရာ၊ ဧည့်သည်များနားနေရန် နေရာများ၊ ရှုချင်စဖွယ် အလှအပများ၊ ဒေသခံ ရိုးရာအလှများနှင့် လွန်စွာ သေသပ်လှပပါသည်။

စည်းလုံးညီညွတ်

မြောက်ဦးဟိုတယ်တွင် မန်နေဂျာမှာ ရှမ်းပျိုဖြူ၊ ဝန်ထမ်းများမှာ ရခိုင်၊ ဗမာ စသည်ဖြင့် စည်းလုံးညီညွတ်စွာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကိုတွေ့ရသဖြင့် မြန်မာ့အလင်း သတင်းအဖွဲ့သည် ရခိုင်ပြည်နယ်တစ်ခုလုံး ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်ကြီးမှ ဆောင်ရွက်ပေးမှုကို မင်းရွာဒေသခံများကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်ကာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကို နှုတ်ဆက်ကာ တည်းခိုရိပ်သာသို့ ပြန်ခဲ့ကြပါသည်။ ။ **(မြန်မာ့အလင်း)**

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာလမ်း၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

မအူပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီးရှိနယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မအူပင်မြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၂-၂၀၀၈ (အင်္ဂါနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**သံသရာသစ်ငုတ် အပါယ်မပြုတ်** တရားတော် (ပြည်တွင်း ပြည်ပ သာသနာပြု အောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၀-၂း၀၀	Sunday Talk
၈း၄၅-၂း၄၅	တိုးပွားဆောင်ရွက် နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
၉း၀၀-၃း၀၀	အစွမ်းထက်မြက် ဆေးတစ်လက်
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	ဖန်သားရုပ်မြင် စာဆိုသဘင် (စာရေးဆရာ-မြင်းမူမောင်နိုင်မိုး)
၉း၅၅-၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (MODIFY Fancy & Gift)
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	**အန္တရာယ်ကင်းစေဘေးရှင်းစေ** လူမင်း၊ ဟန်နီထွန်း
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	Online MBA အကြောင်း သိကောင်းစရာ
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ကြက်အရေပြား ပသျှူးသုပ်နှင့် ပန်းသီးဖျော်ရည် ပြုလုပ်နည်း)
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၅-၅း၅၅	Antioxidants & Your Health (အပိုင်း-၁) (ဒေါက်တာ-ဝင်းထွန်း)
၁၂း၁၅-၆း၁၅	Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင်-ရင်ဂို)
၁၂း၃၅-၆း၃၅	ရတနာစစ်တို့ရဲ့ ဘူမိနက်သန်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမာရွတ် အထက(၄) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အထက(၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ရပ်နီး ရပ်ဝေးမှ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါ်ကြင်အုပ် အထက(၄) ကမာရွတ် ဖုန်း-၅၃၆၀၁၀၊ ကိုတင်မောင်မြင့် ဖုန်း-၅၃၀၈၂၉၊ မရန်ပို ဖုန်း-၅၃၇၀၅၅၊ ကိုတင်ထွန်း ဖုန်း-၀၉-၅၀-၀၇၀၀၄၊ ကိုမင်းသန်း ဖုန်း-၀၉-၅၁-၀၃၆၆၂၊ မနွဲ့ယဉ်မြင့် ဖုန်း-၅၁၁၅၉၂၊ မောင်ကောင်းဆက် ဖုန်း-၀၉-၅၁-၆၉၆၄၉၊ မနှင်းနှင်းချော ဖုန်း-၀၉-၅၁-၇၈၅၁၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စက်မှု(၂)ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ရန်ကုန်တိုင်းအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၂

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဒီဇင်ဘာ ၂၀ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းအတွင်းရှိ အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)သို့ ရောက်ရှိပြီး စက်ရုံအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ စက်ရုံ၏ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စနစ်တကျရှိရေး၊ ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထိန်းသိမ်းမှု စနစ်ကျစေရေး၊ စက်ရုံအတွင်းအပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ထုတ်လုပ်သည့်မော်တော်ယာဉ်များ၏ အရည်အသွေး ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးသည် အမှတ်(၁) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံရှိ မော်တော်ယာဉ် လေးအလုပ်ရုံ၊ သံပုံဖိ အလုပ်ရုံ၊ တပ်ဆင်ရေးအလုပ်ရုံ၊ အကြီးစားယာဉ်အစိတ်အပိုင်း ထုတ်လုပ်မှုအလုပ်ရုံနှင့် Boult & Net ထုတ်လုပ်မှုအလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လှိုင်မြို့နယ် ပါရမီလမ်းရှိ Light Emitted Diode (LED) မီးလုံး ထုတ်လုပ်မှုစက်ရုံသို့ သွားရောက်ကာ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မှု အစီအစဉ်နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တောင်ဒဂုံစက်မှုနယ်မြေရှိ လျှပ်စစ်နှင့် အီလက်ထရွန်နစ်စက်ရုံ (တောင်ဒဂုံ)သို့ ရောက်ရှိပြီး အိမ်သုံးလျှပ်စစ်မီတာများ ထုတ်လုပ်နေမှုကို လည်းကောင်း၊ ထုတ်လုပ်ပြီး လျှပ်စစ်မီတာများအား စမ်းသပ်စစ်ဆေးနေမှု**(အပေါ်ပုံ)**ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရှင်းရှင်းနီးနီး အားပေးစကားပြောကြား၍ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာအဆင့်မီစေရေး၊ စက်ရုံ၏ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုကိစ္စများ စနစ်တကျရှိ စေရေး အလေးထားဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟီရိုဖုမိ နာကာဆိုနဲထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဥပဒေကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

၁၉၇၄-၇၉ ခုနှစ် ဥပဒေကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက်(စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M-3 Food Center ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးမြပဟန် ဖုန်း-၀၉-၅၁-၃၉၅၇၆၊ ဒေါက်တာတင်မေထွန်း ဖုန်း-၀၉-၅၀-၂၀၅၄၃၊ ဒေါ်ဥမ္မာသျှား ဖုန်း-၀၉- ၅၁-၄၄၃၅၁၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၉- ၅၀-၀၂၉၅၀၊ ဒေါ်နွယ်နွယ်ဝင်း ဖုန်း- ၀၉-၅၁-၈၇ ၈၅၀နှင့် ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၉-၅၁-၅၅၉၁၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ စက်မှုဇုန် ဗိုလ်တေဇလမ်းရှိ နီလာဝင်းအထည်ချုပ်စက်ရုံ၌ကျင်းပရာ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အမှာစကားပြောကြားသည်။

အသိပညာပေးဟောပြော

ယင်းနောက် လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ရဲအုပ် ဌေးဌေးထွန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခဒေါ်ဌေးဌေးက အမျိုးသမီးများ ဘဝလုံခြုံဖို့ အကြမ်းဖက်မှုမှကာကွယ်စို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ပိုပိုကြည်က အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးသည့် ပြဋ္ဌာန်းဥပဒေများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲအဖွဲ့ဝင် ဒေါက်တာဒေါ်အေးမြတ်လွင်က စက်ရုံ၊ အလုပ်ရုံများနှင့် AIDS ရောဂါကာကွယ်တားဆီးတိုက်ဖျက်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ဟောပြောပွဲအပြီးတွင် နီလာဝင်းအထည်ချုပ်စက်ရုံမှ ဒေါ်သူဇာဟန်က အဆိုပြုလွှာ ၂၀၀ကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့**(အပေါ်ပုံ)**က လက်ခံပြီး အမျိုးသမီးရေးရာ ဝတ်စုံ ၁၀စုံနှင့် အသိပညာပေး လက်ကမ်းစာစောင်များကို ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ်အတွင်း ရွှေဆွဲကြိုးလုယူ ထွက်ပြေးသူအား ရဲနှင့်ပြည်သူပူးပေါင်းဖမ်းဆီး

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက်အတွင်း၌ အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးလုယူထွက်ပြေးသူအား အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်း နှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၁ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ

ဖြစ်ပွားပုံမှာ ဒီဇင်ဘာ ၂၁ရက် ညနေ ၃နာရီ၁၅မိနစ်တွင် ကြို့ပင်ကောက်မြို့နယ်နေ ဒေါ်ခင်ခင်ဝင်းသည် ဆေးကုသရန် ပြည်လမ်းအတိုင်း မဟာမြိုင်ဆေးခန်းသို့ လမ်းလျှောက်လာစဉ် လည်ပင်းတွင် ဆွဲထားသော အလေးချိန်တစ်ကျပ် ရှစ်ပဲသားခန့်ရှိ ငါးရိုးပုံရွှေဆွဲကြိုး တစ်ကုံး တန်ဖိုးငွေကျပ်၇၅၀၀၀၀အား အမျိုးသားတစ်ဦးက နောက်မှ ဆွဲဖြတ်ထွက်ပြေးသဖြင့် အော်ဟစ်အကူအညီတောင်းခံရာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်း နှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ကြောင်း၊ ရွှေဆွဲကြိုးလုယူထွက်ပြေးသူ အောင်အောင်(ခ)စိုးလင်း (၁၅၅)ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေသူအား ရွှေဆွဲကြိုးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ အောင်အောင်(ခ) စိုးလင်းအား စမ်းချောင်းရဲစခန်းမှ (ပ)၄၆၆/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၂ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မသန်စွမ်းသူများဂေါက်သီးရိုက် (နှစ်ကူးလျှပ်တစ်ပြက်)ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်မြို့ တောင်ဥက္ကလာပ ဂေါက်ကွင်း၌ ဒီဇင်ဘာ ၂၅ရက် မွန်းတည့် ၁၂နာရီမှစ၍ မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ (နှစ်ကူးလျှပ်တစ်ပြက်) ကျင်းပမည်ဖြစ်သည်။

ကြိုတင်စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲဝင် မသန်စွမ်းဂေါက်သီးကစားသမားများသည် ဗိုလ်မှူးသိန်းဆွေမြင့် (ငြိမ်း) ဖုန်း-၀၁-၅၄၂၉၄၁၊ ဗိုလ်ကြီးအောင်မြင့်ထွန်း (ငြိမ်း) ဖုန်း-၀၉-၈၀-၂၄၀၇၀နှင့် ဦးပီတာ(အား/ကာ) ဖုန်း-၀၁-၃၈၂၄၅၅ တို့သို့ ကြိုတင်စာရင်း ပေးသွင်းကြရန်နှင့် တောင်ဥက္ကလာပဂေါက်ကွင်းသို့ ဒီဇင်ဘာ ၂၅ရက် နံနက် ၁၁နာရီအရောက် သတင်းပို့ကြရန် သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်းမော်၌ အထူးဈေးရောင်းပွဲတော်ဖွင့်

ဇန်းမော် ဒီဇင်ဘာ ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်းမော်မြို့သိမ်မဟာစေတီ ဘုရားဝင်းအတွင်း ယနေ့နံနက် ၈နာရီတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အထူးဈေးရောင်းပွဲတော်ကျင်းပရေး ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးအောင်ကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကချင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က အထူးဈေးရောင်းပွဲ ၏တော်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ရောင်းချ

ဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ အင်အား ၁၅၀ခန့်တက်ရောက်ကြပြီး ဈေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချပေးသည့် ဈေးနှုန်းချိုသာသော ပြည်တွင်းဖြစ် မြန်မာ့အထည်အလိပ်နှင့် အဝတ်အထည်များ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်သော စားသောက် ဖွယ်ရာများ၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းများ၊ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းမှ ထုတ်လုပ်သော ပန်းကန်ခွက်ယောက်နှင့် ကြွေထည်ပစ္စည်းများ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သော ကျောင်းသုံးဗလာစာအုပ်များနှင့် အဆင့်မြင့်စက္ကူများ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ ထုတ်လုပ်သော စတီးလ်အသုံးအဆောင်ပစ္စည်းများနှင့် စက်ဘီးများ၊ အပ်ချုပ်စက်အမျိုးမျိုးကို လှည့်လည်ကြည့်ရှုဝယ်ယူအားပေးကြသည်။ အထူးဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၂ရက်မှ ၂၈ရက်အထိ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ရောင်းချပေး မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် | သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိ

ရန်ကုန် ဒီဇင်ဘာ ၂၂

ဒီဇင်ဘာ ၂၂ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုကိုဖော်ပြရပါလျှင် ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိပိုခဲ့သည်။ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့၌ ၄ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဒီဇင်ဘာ ၂၃ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကိုဖော်ပြရလျှင် ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

သာယာမည်

ဒီဇင်ဘာ ၂၃ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ်ဖြန့်ချီ

ရန်ကုန် ဒီဇင်ဘာ ၂၂

"စင်ကာပူမှာ ကုမ္ပဏီထောင်ပြီးအလုပ်လုပ်ကြမလား၊ လူလိမ်ကိုတော့ သတိထားပါ" သတင်းဆောင်းပါးပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂) အမှတ်စဉ်(၅၇)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ကုန်သေတ္တာငှားရမ်းသည့် ကုမ္ပဏီများ တွက်သားမကိုက်ဖြစ်နေ၊ ကမ္ဘာကြီးကိုဥက္ကာပျံတစ်ခုဝင်တိုက်တော့မည်၊ ရန်ကုန်ကားဈေးကွက်အရောင်းအဝယ်အေးနေဆဲ၊ ဘုရှ်အားမထိမှန်ခဲ့သည့် ရှူးဖိနပ် ဒေါ်လာ ၁၀သန်းဖြင့်ကမ်းလှမ်း၊ စင်ကာပူမှအားလပ်ရက်ပြန်မည့်သူများ လေယာဉ်လက်မှတ်အချိန်မီရရှိရေးအခက်တွေ့၊ "ကျွန်တော်တင်တဲ့မင်းသမီး" ကိုရီးယားဇာတ်လမ်းအကျဉ်း၊ ဒေါက်တာဦးမျိုးသန့်၏ အဆီကြောင့်ဖြစ်တဲ့ မျက်နှာပြင် ရောင်ရမ်းခြင်း၊ အဖြစ်များတဲ့မျက်နှာပြင်ပေါ်က အရေပြားပြဿနာ၊ မီတာမတက်လျှင် လုပ်ငန်းလိုင်စင်သိမ်းမည်၊ ပုဂ္ဂလိကအထူးကုဆေးခန်းအချို့ လူနာရောက်မှ သက်ဆိုင်ရာကို ဖုန်းဖြင့်ခေါ်ယူသည့် စနစ်ပိုမိုကျင့်သုံးနေ၊ ၁၉၅၄ခုနှစ် မြန်မာအမျိုးသမီးများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ၊ နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ထပ်မံတည်ဆောက်မည်၊ ဘင်္ဂါလီလူမျိုးအများစုရှိရာ နိုင်ငံများသို့ ငါးမြစ်ချင်းပို့ကုန်များ ဈေးကွက်ချဲ့ထွင်မည်၊ တက္ကသိုလ်ဝင်တန်း အတန်းတင်စာမေးပွဲကြီး အောင်မြင်ကြပါစေ၊ ဗီယက်နမ်-မြန်မာသင်္ဘောသားများ အပြန်အလှန်သင်္ဘောလိုက်ပါခွင့်ရမည်၊ သင့်လျော်သလို စီမံစောင့်ရှောက်ပေးခဲ့၍ ပဲဈေးကွက်တည်ငြိမ်လာတော့မည်၊ သိန်း ၁၀၀၀ထီဆုကြီးဖွင့်တော့မည့် ထီဆိုင်ကြီးများ အပြိုင်အဆိုင် ဈေးကွက်အတွင်းလှုပ်ရှား၊ ပူးပေါင်းဆောင်ရွက်မှုမပြုပါက အိန္ဒိယမှ ပါကစ္စတန်နိုင်ငံအတွင်းရှိ ကက်ရှ်မီးယားဒေသအားပြင်းထန်စွာတိုက်မည်၊ အီရန်သို့ ဒုံးပျံများ မရောင်းချရန်ရုရှားအား အစ္စရေးတိုက်တွန်း၊ အီရန်သို့ ရုရှားက ခေတ်မီအက်စ်-၃၀၀ လေယာဉ်ဒုံးပျံများပေးမည်၊ လေကြောင်းတိုက်ခိုက်မှုပြုရန် အိန္ဒိယအဆင်သင့်ရှိ စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်းထုတ်ဝေဖြန့်ချိလျက်ရှိကြောင်းသိရသည်။

(သတင်းစဉ်)

Denk Pharma Cup သက်တန်းအလိုက် ရေကူးပြိုင်ပွဲ လွတ်လပ်ရေးနေ့တွင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co., Ltd.တို့ ပူးပေါင်းကျင်းပသော ၂၀၀၉ခုနှစ် ဒုတိယအကြိမ် Denk Pharma Cup သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့)တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသက်(၁၄)နှစ်အောက်၊ (၁၂)နှစ်အောက်၊ (၁၀)နှစ်အောက်နှင့် (၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် အသက်(၁၄)နှစ်အောက် မီတာ ၅၀-၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ မီတာ ၂၀၀တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အသက်(၁၂)နှစ်အောက် မီတာ ၅၀-၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ အလွတ်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ မီတာ ၅၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အသက်(၁၀)နှစ်အောက် မီတာ ၅၀-၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ အလွတ်ကူးပြိုင်ပွဲ၊ အသက် (၈)နှစ်အောက် ၂၅မီတာ အလွတ်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ၅၀×၄၀ လွှန်းပြန် အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀×၄ လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲ အမျိုးသား အမျိုးသမီး ပွဲစဉ် စုစုပေါင်း ၆၄ပွဲပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဒီဇင်ဘာ ၂၇ရက် ညနေ၅နာရီခွဲ နောက်ဆုံးထား၍ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် အဖွဲ့ချုပ်လေ့ကျင့်ချိန် နံနက်၆နာရီခွဲမှ ၈နာရီခွဲ၊ ညနေ၃နာရီခွဲမှ ၅နာရီခွဲအထိ (သောကြာနေ့မှအပ) အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဦးကျော်ဦး၊ တွဲဖက် အတွင်းရေးမှူးများဖြစ်သည့် ဦးသန်းကြိုင်နှင့် ဦးရဲအောင်တို့ထံ စာရင်းပေးသွင်းနိုင်ပြီး ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်၌လည်းလာရောက် စာရင်းပေးသွင်းနိုင်သည်။ ယင်းသက်တန်းအလိုက်ပြိုင်ပွဲများကို မည်သူမဆိုယှဉ်ပြိုင်နိုင်ပြီး အသက်(၁၄)နှစ်အောက် အတန်း၌ ၁၉၉၅ခုနှစ် ဇန်နဝါရီ ၅ ရက်နောက်ပိုင်း မွေးဖွားသူ၊ အသက်(၁၂) နှစ်အောက်အတန်း၌ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၅ရက်နောက်ပိုင်း မွေးဖွားသူ၊ အသက်(၁၀)နှစ်အောက်အတန်း၌ ၁၉၉၉ ခုနှစ်ဇန်နဝါရီ၅ရက် နောက်ပိုင်းမွေးဖွားသူ၊ အသက် (၈)နှစ်အောက် အတန်း၌ ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၅ရက်နောက်ပိုင်း မွေးဖွားသူများယှဉ်ပြိုင်နိုင်ပြီး အသက်စိစစ်နိုင်ရန် မွေးစာရင်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း(မူရင်း)များ၊ ကျောင်းဝင်အမှတ်၊ ကျောင်းတံဆိပ်မူရင်း ကျောင်း Letter Head နှင့် ကျောင်းအုပ်လက်မှတ်မူရင်း ပါသော ကျောင်းထောက်ခံစာများ ယူဆောင်လာရမည်ဖြစ်ကာ ကစားသမားတစ်ဦးလျှင် အတန်းနှစ်တန်း၌ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိဟု သိရသည်။

မေးမြန်းနိုင်

ဆုကြေးများအဖြစ် ပထမဆု ကျပ်လေးသိန်းနှင့်ဆုဖလား၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ စတုတ္ထဆုကျပ်တစ်သိန်း၊ ပဉ္စမဆုကျပ်ငါးသောင်းနှင့် အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး ဖုန်း-၀၉-၅၁-၃၄၃၁၀နှင့် ၄၀၀၂၀၉တို့သို့ ဆက်သွယ် မေးမြန်းနိုင်သည်။

ကျင်းပမည်

အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁ရက် မွန်းလွဲ ၂နာရီတွင် အမျိုးသားရေကူးကန်ရှိ အိုလံပစ်ဟိုတယ်၌ ကျင်းပမည် ဖြစ်သည်။

(မြန်မာ့အလင်း)

လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဦးဝင်းမြင့် အရှေ့တောင်အာရှလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ်ရွေးချယ်ခံရ

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဒီဇင်ဘာ ၁၉ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အရှေ့တောင်အာရှလက်ဝှေ့အဖွဲ့ချုပ် အထွေထွေညီလာခံ (၂၀၀၈) (South-East Asia Boxing Federation General Assembly-2008)သို့ တက်ရောက်ခဲ့သည်။**(အောက်ပုံ)**

တက်ရောက်

အဆိုပါ အထွေထွေညီလာခံသို့ အရှေ့တောင်အာရှ လက်ဝှေ့အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံပေါင်း၁၁နိုင်ငံတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

တာဝန်ပေး

ယင်းအထွေထွေညီလာခံ၌ အရှေ့တောင်အာရှ လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်ကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်းရာတွင် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်အား အရှေ့တောင်အာရှ လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ် တာဝန်ပေးအပ်ခြင်း ခံရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တက္ကသိုလ်သတ္တဗေဒ ကျောင်းသားဟောင်းများ(၁၉၆၆-၁၉၉၆) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား ကျောင်းသူဟောင်းများ (၁၉၆၆-၁၉၉၆)၏ တတိယအကြိမ် သက်ကြီးအာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေကျင်နိကာယ သာသနလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲကျင်းပရေးကော်မတီမှ ရန်ပုံငွေ ရုပ်ရှင်ပြပွဲအဖြစ် ဇန်နဝါရီ ၁၇ရက်(စနေနေ့)နံနက်၇နာရီခွဲတွင် သမ္မတရုပ်ရှင်ရုံ၌ ပြသပေးမည်ဖြစ်သည်။

မိတ်ဆုံညစာစားပွဲ

မိတ်ဆုံညစာစားပွဲကို ဇန်နဝါရီ၂၅ရက်(တနင်္ဂနွေနေ့)ညနေ၆နာရီမှ ည၉နာရီအထိ ဗဟန်းမြို့နယ် တပ်မတော်ပန်းခြံရှေ့ ဗဟန်းအားကစားကွင်းအနီး M-3 စားသောက်ဆိုင်၌ ပြုလုပ်မည်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

အဆိုပါ ရန်ပုံငွေရုပ်ရှင်ပြပွဲလက်မှတ်များနှင့် မိတ်ဆုံညစာစားပွဲလက်မှတ်များကို ကျင်းပရေးကော်မတီနာယက ဆရာဦးကျော်ဘုန်းလင်း ဖုန်း-၀၁-၂၀၃၃၀၃၊ ဆရာမဒေါ်တင်စိုး ဖုန်း-၀၁-၃၈၅၄၅၈၊ ဦးမောင်မောင်ဦး(ဟိန်းလတ်)(၁၉၇၀) ဖုန်း-၀၉-၅၁-၅၈၅၁၂၊ ဦးကျော်(၁၉၇၃) ဖုန်း-၀၁-၅၇၇၉၄၉၊ ဦးသိန်းထွန်း(၁၉၇၄) ဖုန်း-၀၉-၉၉-၇၁၈၃၄၊ ဦးမြင့်လွင်ခိုင် (၁၉၇၅)ဖုန်း-၀၉-၅၀-၄၆၈၉၉၊ ဦးစောဝင်း(၁၉၇၆)ဖုန်း-၀၁-၃၉၄၈၂၄၊ ဦးစတန်လီကိုကိုကြီး(၁၉၇၆)ဖုန်း-၀၁-၅၅၉၆၀၃၊ ဦးတင့်ဇော်(၁၉၇၆) ဖုန်း-၀၉-၅၀-၄၂၉၇၉၊ ဦးကျော်မင်းစိုး(၁၉၇၈)ဖုန်း-၀၉-၅၁-၇၁၀၃၄၊ ဦးဝင်းရှိန်-ဒေါ်စိုး(၁၉၇၉)ဖုန်း-၀၁-၅၁၁၁၀၇၊ ဒေါ်ကေသီခိုင် (၁၉၇၈)ဖုန်း-၀၁-၂၉၄၃၆၄၊ ဒေါ်ဖြူဖြူ(၂) (၁၉၇၆)ဖုန်း-၀၁-၂၄၃၇၇၃၅၊ ဒေါက်တာဒေါ်ပြုံးအေး(၁၉၈၀)ဖုန်း-၀၁-၂၅၄၃၇၈နှင့် ဒေါ်စန်းစန်းအေး(၁၉၈၂) ဖုန်း-၀၉-၅၁-၅၄၆၇၅တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၄၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Sweson Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာနိုင်ငံတွင် GPS စနစ် ခေတ်စားလာ၊ ရန်ကုန်မြို့တော် အဆင့်မြှင့်တင်ရေးအတွက် ကော်မတီရှစ်ခုဖွဲ့စည်းမည်၊ ၂၀၀၉ခုနှစ်အတွင်း WiFi မြို့တော် ရန်ကုန်ပြီးလျှင် မန္တလေးနှင့် တောင်ကြီးလာမည်၊ ဒေါင်းနေချောင်းတွင် ကားသွားနိုင်မည့် ကြိုးတံတားတည်ဆောက်မည်၊ မိကျောင်းမွေးလိုသူများ လျှောက်လွှာတင်၍ ဝယ်ယူမွေးမြူနိုင်ပြီ၊ မုန်တိုင်းကြောင့် ရေလွှမ်းမိုးစဉ် ဘုရားစင်ကို အားပြုဖက်တွယ်ခဲ့၍ မိသားစုတစ်စု အသက်ရှင်ခဲ့၊ လာမည့်နှစ်တွင် ရန်ကုန်တိုင်းအတွင်းရှိ လယ်သမားများအား တစ်ဧကလျှင် ကျပ်သုံးသောင်း ထုတ်ချေးမည်၊ အိန္ဒိယရေတပ်က ဆိုမာလီပင်လယ်ဓားပြ ၂၃ဦးအား ဖမ်းဆီးရမိ၊ ဘုရှ်ကိုဖိနပ်ဖြင့်ပစ်ပေါက်ခဲ့သူ အီရတ်သတင်းထောက် အရိုးများကျိုးသွားခဲ့၊ ချစ်သူရှာရန်အချိန်မရှိသည့် လူပျိုကြီးက တကယ့်မိန်းကလေးနှင့်တူသည့် စက်ရုပ်ကို တီထွင်ပြီးအတူနေ၊ ကုလသမဂ္ဂနိုင်ငံအချို့အား ဆိုမာလီပင်လယ်ဓားပြများကို လေကြောင်းမှတိုက်ခိုက်ခွင့်ပြု၊ စနေဂြိုဟ်၏ အကြီးဆုံးလပေါ်၌ လျှပ်စစ်ဓာတ်တွေ့ရှိရသဖြင့် သက်ရှိများရှိနိုင်၊ ငါးကြိမ်မြောက် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဖြစ်ရန် ဟိုလီဖီးလ်ကြိုးစားခဲ့သော်လည်း ရှုံးနိမ့်ခဲ့ရ၊ ယခုနှစ်အကုန်တွင် ဂရင်းနစ်စံတော်ချိန်ကို တစ်စက္ကန့် ပေါင်းထည့်မည်၊ ပီရူးတွင် ရှေးဟောင်းမြို့တော်ကြီးတစ်ခုလုံး တူးဖော်တွေ့ရှိ၊ ခွဲစိတ်ကုသခဲ့ပြီးသော သစ်ပင်လူသား၌ အကိုင်းအခက်များ ပြန်ထွက်လာဟုဆို…စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့်ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပိုရှစ်မျက်နှာနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

နွားချေး၊ မြင်းချေး၊ ဝက်ချေးစသည့် သဘာဝ စွန့်ပစ်ပစ္စည်းပိဿာ၂၀၀ခန့်နှင့် ရေပိဿာ၂၀၀ခန့်၊ ထုံးမှုန့် ကိုးပိဿာခန့်နှင့် မီးရှို့ပြာ တစ်ပြည်ခန့်သာ လိုအပ်ပြီး မီးရရှိရေးအတွက် လွယ်ကူစွာ အသုံးပြုနိုင်ကြပြီဖြစ်ရာ စဉ့်ကူးမြို့နယ်အတွင်း ကျယ်ပြန့်စွာ တည်ဆောက် အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

✱ *ကျောဖုံးမှ*

ဆီးကျိတ်ကင်ဆာ ဖြစ်ပွားသူများသည် အခြားကုသမှု နည်းလမ်းများဖြင့် ကုသမှုခံယူပါက ၁၀နှစ်အတွင်း ၂၄ရာခိုင်နှုန်းခန့် သေဆုံးနိုင်သော်လည်း ရေဒီယိုဓာတ်ရောင်ခြည်ဖြင့် ကုသပါက သေဆုံးမှု ၁၂ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း တွေ့ရှိရသည်ဟု ကနေဒါသုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။

ကုသပေးနိုင်

ရေဒီယိုဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းသည် အများထင်ထားသလို ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်ခြင်းမရှိဘဲ ဆီးကျိတ်ကင်ဆာရောဂါကို အထိရောက်ဆုံး ကုသပေးနိုင်သည့် နည်းလမ်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အာစရိယပူဇော်ပွဲကျင်းပနိုင်ရေး အလှူငွေများပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့၌ အချိန်ပြည့်၊ အချိန်ပိုင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်တွင်း ပြည်ပဆရာ ဆရာမကြီးများအား မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၀ရက်က ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရန်ကုန်မြို့မှ ကျောင်းသား ကျောင်းသူဟောင်းများ လှူဒါန်းငွေကျပ် ၅၃၆၀၀၀ကို အလုပ်အမှုဆောင် ဦးကျော်မွေးကလည်းကောင်း**(အပေါ်ပုံ)**၊ နေပြည်တော်ရှိ ကျောင်းသား ကျောင်းသူဟောင်းများက လှူဒါန်းငွေကျပ်၁၅သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးစန်းကြူကလည်းကောင်း၊ ရေအားလျှပ်စစ်ဦးစီးဌာန ကျောင်းသားဟောင်းများက လှူဒါန်းငွေကျပ်ရှစ်သိန်းနှင့် တောင်ငူ၊ နေပြည်တော်ပျဉ်းမနားရှိ ကျောင်းသား ကျောင်းသူဟောင်းများက လှူဒါန်းငွေကျပ် ၁၄၈၀၀၀၀ကို ဦးရဲမောင်(၉၄)ကလည်းကောင်း ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းကျော်ထံ ပေးအပ်လှူဒါန်းသည်။ **(မြန်မာ့အလင်း)**

AXESSTEL အမှတ်တံဆိပ်များ မိတ်ဆက်ပွဲနှင့် အရောင်းမြှင့်တင်ရေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

GSM, CDMA, TDMA Hansets နှင့် ဆက်စပ်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချလျက်ရှိသော Mobilemate Telecommunications Co., Ltd. ၏ လုပ်ငန်းခွဲ Mobilemate Distribution မှ Korea နိုင်ငံထုတ် Brand ဖြစ်သော CDMA 450 MHz ဈေးကွက်နှင့် Mobile Phone ဝန်ဆောင်မှုကုမ္ပဏီကြီးများမှ အသုံးပြုနေသော နာမည်ကြီးအမှတ်တံဆိပ် AXESSTEL Corporation မှ Fixed Wireless Phone များ၊ သာမန်ကြိုးဖုန်းနှင့် တွဲဖက်အသုံးပြုနိုင်သော CDMA 450 MHz Terminal များ၊ EVDO Rev O/Rev A နှင့် Data ဆိုင်ရာ Product များကို မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိရောင်းချရန်အတွက် ကုန်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၂၃ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ Park Royal ဟိုတယ် Ballroom ၌ ကျင်းပမည်။

သုံးစွဲနိုင်

အဆိုပါ AXESSTEL Fixed Wireless Phone များသည် Voice, SMS, Data, e-mail နှင့် FM Radio အစရှိသည့် Features များဖြင့် Function စုံလင်စွာ သုံးစွဲနိုင်ပြီး လိုင်းဆွဲအား အထူးကောင်းမွန်ကြောင်း၊ ယင်းဖုန်းများသည် ကမ်းရိုးတန်း မြို့များဖြစ်သော စစ်တွေ၊ သံတွဲ၊ ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ ဖျာပုံ၊ ကွမ်းခြံကုန်း၊ ရန်ကုန်၊ ဘိုကလေး၊ ခနောင်ဖြူ၊ မြောင်းမြ၊ သထုံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းတို့၌ သာမက CDMA 450 MHz ကွန်ရက်အတွင်းရှိ အခြားမည်သည့်မြို့၌မဆို သုံးစွဲနိုင်ကြောင်း သိရသည်။

ရောင်းချ

စတင်ဖြန့်ချိခြင်း အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၇ရက်မှ ၃၁ရက်အထိ Capital Hyper Market ၌ Special Promotion အစီအစဉ်များဖြင့် နေ့စဉ်နံနက် ၁၀နာရီမှ ည ၉နာရီအထိ ရောင်းချပေးသွားမည်ဖြစ်သည်။

AXESSTEL Fixed Wireless Phone နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Mobilemate Telecommunications Co.,Ltd. (Branch Office) အမှတ်၂၉၀/က ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၆၉၈၉နှင့် ၀၁-၅၃၇၂၈၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်သာယာမြို့နယ်၌ မီးလောင်

ရန်ကုန် ဒီဇင်ဘာ ၂၂

ဒီဇင်ဘာ ၂၁ရက် ည၁၀နာရီ မိနစ်၅၀တွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)ရှိ ဒိုင်းမွန်းစတားကုမ္ပဏီ ဂျုံစက်ရုံပိုင်ရှင်၏ ဆန်ဂိုဒေါင်မီးစက်ကြီးမှ သွယ်တန်းထားသော ဝိုင်ယာကြိုးရှော့ဖြစ်ပြီး မီးစတင်လောင်ကျွမ်းခဲ့ရာ ဒီဇင်ဘာ ၂၂ရက် နံနက်၀၀နာရီ ၁၀မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဆန်အိတ်များ၊ အဆောက်အအုံနှင့် ဆိုင်ကယ် ၁၀ စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သောရွှေပြားနှင့် ကျောက်ပြားများအား လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်ပြည်သူများ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို ရသကဲ့သို့ နေပြည်တော်တွင်လည်း ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းပွဲတော်တွင်ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့်အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့် အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သောရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်။

(၁)	ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ချပ်	၁ချပ်	ကျပ်	၁၆၂၀၀၀၀ နှုန်း
(၂)	ကျောက်ပြား (မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ချပ်	၁ချပ်	ကျပ်	၂၂၀၀၀ နှုန်း
(၃)	စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ချပ်	၁ချပ်	ကျပ်	၁၃၀၀၀ နှုန်း
(၄)	မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ချပ်	၁ချပ်	ကျပ်	၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မွေးနေ့ဆုတောင်း

ခိုင်မေဝင်း(ခ)ငယ်၏ ၂၃-၁၂-၂၀၀၈ ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်သော ဘဝခရီး လမ်းကို လျှောက်လှမ်းနိုင်ပါစေ။

တေဇာ(ခ)မောင်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်ဝင်း၏ P.P No-350184 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၀-၂၆၇၅၃။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး(မြောက်ဘက်တန်း)၊ ဒိုင်မွန်းအင်ပါယာခန်းမ ခြောက်ဦးပိုင်အနက် ဒေါ်အေးမြတ်မွန်ပိုင်ဆိုင်သော E-Roll ရှိ ဆိုင်ခန်းအမှတ် ၁၊၂၊၃ ကို ဦးနေမျိုးသန့်နှင့် ဒေါ်အေးမြတ်မွန်ထံမှ ဒေါ်အေးအေးမင်းက ဝယ်ယူ၍ ပိုင်ဆိုင်မှုကိုရယူထားပြီး ဖြစ်ပါသည်။ အဆိုပါဆိုင်ခန်းများကို တစ်စုံတစ်ဦးအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းများ မပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းလင်းအောင်(မြန်အောင်)
LL.B.,D.B.L.,D.M.L.,
အထက်တန်းရှေ့နေ

ဦးသန်းအောင်(ဟသ်ာတ)
B.Sc.,H.G.P.,R.L.,D.,B.L
တရားရုံးချုပ်ရှေ့နေကြီး

အမှတ်၂၇(ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဦးခင်မောင်အေး [ညွှန်ကြားရေးမှူး(ငြိမ်း)
အခွန်အယူခံခုံအဖွဲ့ရုံး]-ဒေါ်မြင့်မြင့်
[လက်ထောက်ညွှန်ကြားရေးမှူး၊ငြိမ်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန]
တို့၏သား

မောင်ဖြိုးလွင်အေး

B.C.Tech. (Hons;) (UCSY),CCNA
Service Engineer (PCI Consultants Services Pte., Ltd.,
Singapore)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဦးဝင်းမောင်(အင်ဂျင်နီယာမှူး-ငြိမ်း၊ နယ်စပ်စည်ပင်)-ဒေါ်တင်သန်းမြ
(အလယ်တန်းပြ-ငြိမ်း၊ အထက၊ မင်းလှ)တို့၏သမီး

မအေးမို့မို့ဝင်း

M.C.Tech (UCSY)
CAT's Candidate (SAA, Singapore)

တို့၏ ၂၁-၁၂-၂၀၀၈ရက် (တနင်္ဂနွေနေ့) ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်(ငြိမ်း)နှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်နန်းဦးတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးအပေါင်းတို့အားလည်းကောင်း၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးလွင်အေး-မအေးမို့မို့ဝင်း။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး (မြောက်ဘက်တန်း)၊ ဒိုင်မွန်းအင်ပါယာခန်းမ ခြောက်ဦးပိုင်အနက် ဒေါ်အေးမြတ်မွန်ပိုင်ဆိုင်သော E-Roll ရှိ ဆိုင်ခန်းအမှတ် ၄နှင့် ၅ကို ဒေါ်အေးမြတ်မွန်ထံမှ ဒေါ်နန်းထွေးက ဝယ်ယူ၍ ပိုင်ဆိုင်မှုကို ရယူထားပြီးဖြစ်ပါသည်။ ပိုင်ရှင် ဒေါ်နန်းထွေး မသိဘဲ အဆိုပါဆိုင်ခန်းများကို တစ်စုံတစ်ဦးအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းများ မပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းလင်းအောင် (မြန်အောင်)
LL.B., D.B.L., D.M.L.,
အထက်တန်းရှေ့နေ

ဦးသန်းအောင် (ဟသ်ာတ)
B.Sc., H.G.P., R.L.,D.,B.L
တရားရုံးချုပ်ရှေ့နေကြီး

အမှတ် ၂၇ (ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ (ဦးစိုးလှိုင်၊ ငွေစာရင်းအရာရှိ၊ ငြိမ်း)-ဒေါ်မြင့်မြင့်စိန် (အထက်တန်းပြ၊ ငြိမ်း၊ လှိုင်လှိုင်ဖြိုး မင်္ဂလာခန်းဝင်ပစ္စည်းနှင့် Homedecoration Center) တို့၏သားငယ်

မောင်မြတ်ကိုလှိုင် B.Sc. (Physics)
Native Interior Decoration Group. နှင့်

ရန်ကုန်မြို့နေ ဦးစိုင်းထွန်းမြင့်-ဒေါ်စောယုမွန် (မွန်ရတနာ) တို့၏သမီးကြီး

မသီရိမေ B.A (Eco)
Senior Airhostess (Myanma Airways)

တို့သည် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့၌ ၂၁-၁၂-၂၀၀၈ ရက်တွင် Sedona Hotel ၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

မောင်မြတ်ကိုလှိုင်နှင့် မသီရိမေ။





ကျေးဇူးဆပ်ပါမည်

(ဘ)ဦးမြခိုင်၏သား ဦးခင်ထွန်း (ခ) ထွန်းထွန်းနိုင် ၁၂/ဗဟန(နိုင်) ၀၆၇၀၃၁ ၏ P.P No-062997 နှင့်(ဘ)ဦးသိန်း၏သမီး မသန်းသန်းဝင်း ၁၂/လမတ (နိုင်)၀၀၅၉၃၆ ၏ P.P No-062965 စာအုပ်တို့မှာ ပျောက်ဆုံးသွားပါ၍ ဖုန်း-၅၁၆၅၄၈ သို့ ဆက်သွယ်ပါရန်။

ဗီဒီယိုအခြေခံ အဖွဲ့ခွဲရုံး ကွတ်ခိုင်၌ဖွင့်

လားရှိုး ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲရုံး ဖွင့်ပွဲကို ကွတ်ခိုင်မြို့လမ်းမတော်လမ်းနှင့် နီလာလမ်းထောင့်၌ ဒီဇင်ဘာ ၂၁ရက်က ကျင်းပခဲ့ရာ ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးလှကျော်ဦးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူးက ဗီဒီယိုလုပ်ငန်းရှင်များအား ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပြောကြားသည်။

အဆိုပါရုံးဖွင့်ပွဲသို့ ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်ဗီဒီယိုအလုပ်အမှုဆောင်များ၊ ဗီဒီယိုလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်

ရန်ကုန် ဒီဇင်ဘာ ၂၂

ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒီဇင်ဘာလူထုအားကစားလ လှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ၂၀ရက် နံနက်၅နာရီက တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်တက္ကသိုလ် အဓိပတိကားဝင်ပေါက်ရှေ့စုရပ်မှ တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းတစ်လျှောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်နှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အများ၊ ရပ်ကွက်ပြည်သူများ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

နတ်တလင်းအသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

၂၀၀၈ ခုနှစ်အတွက် အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားလမ်း (ဘုရားတောင်ဘက်မုခ်အနီး) ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခန်းမရုံး၌ ကျင်းပမည်ဖြစ်သည်။

ပေးပို့

ဒီဇင်ဘာ ၃၁ ရက်တွင် အသက် ၇၅နှစ် ပြည့်ပြီးသော အသင်းဝင်သက်ကြီး အဘိုး၊ အဘွားများ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲနှင့် အဋ္ဌမတန်းတို့တွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ သူငယ်တန်းမှ နဝမတန်းအထိ အတန်းအသီးသီးတွင် တန်းခွဲတစ်ခုချင်းအလိုက် ပထမရသူများ၊ တန်းခွဲအားလုံးပေါင်း ပထမရသူများ၊ တက္ကသိုလ်/ကောလိပ် အတန်းအသီးသီးတွင် ဂုဏ်ထူးရရှိသူများ၊ နိုင်ငံတော် အဆင့်ပြိုင်ပွဲများတွင်ထူးချွန်ဆုရရှိသူများနှင့် နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရရှိသူများသည် ဒေါ်ဝင်းကြည် ဖုန်း-၂၉၄၂၈၂၊ ဦးမောင်မောင်မြင့် ဖုန်း-၂၂၂၂၆၀၊ ဦးမောင်မောင်ထွန်း ဖုန်း-၆၆၆၂၇၈၊ ဒုတိယဗိုလ်မှူးကြီး ခင်အောင်(ငြိမ်း) ဖုန်း-၆၁၁၀၄၅၊ ဦးလှသန်း ဖုန်း-၅၃၇၈၃၉၊ ဒုတိယ ဗိုလ်မှူးကြီး မြင့်ဆွေ (ငြိမ်း) ဖုန်း-၅၁၈၀၈၆၊ ဒုတိယရဲမှူးကြီးသိန်းထွန်း (ငြိမ်း) ဖုန်း-၅၈၄၃၀၅နှင့် ဦးဝင်းအောင် ဖုန်း-၀၉-၅၁-၁၂၈၁၀တို့သို့ ဆက်သွယ်၍ ဇန်နဝါရီ၂၅ရက် အရောက် ကြိုတင်အမည်စာရင်း ပေးပို့နိုင်သည်။

ဖိတ်ကြားနှိုးဆော်

အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ကန်တော့ခံ သက်ကြီး အဘိုးအဘွားများ၊ ဆုရကျောင်းသူ ကျောင်းသားများ၊ ဂုဏ်ပြုခံပုဂ္ဂိုလ်များ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားသည်။

(သတင်းစဥ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဘင်နီတက်ဇ်အကြောင်း တစေ့တစောင်း

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ❖ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ပရီမီယာလိဂ်တန်းစီဇယားကို ထိပ်ဆုံးကနေပြီး စိုးမိုးထားတဲ့ လီဗာပူးအသင်းဟာ ဒီနှစ်ပရီမီယာလိဂ်ဖလားကို ရယူနိုင်ဖို့ အခွင့်အရေးမျှော်မှန်းခွင့် ရှိနေတာနဲ့ပတ်သက်ပြီး နည်းပြဘင်နီတက်ဇ်ကို စာချုပ်သက်တမ်းတိုးဖို့ လီဗာပူးကလပ်ပိုင်ရှင် ပက်စ်ပါရီက စီစဉ်နေပြီဖြစ်ပါတယ်။

လီဗာပူးအသင်းအတွက် အောင်မြင်မှုများကို ဆောင်ကြဉ်းပေးခဲ့သည့် နည်းပြဘင်နီတက်ဇ်။

အကြံပြုစာပေးပို့

ဘင်နီတက်ဇ်ဟာ ကြိုးကြာနီတို့ရဲ့ အန်ဖီးလ်ကို ၂၀၀၄ ခုနှစ်ဘောလုံးရာသီက စတင်ရောက်ရှိခဲ့တာဖြစ်ပြီး ယခုဆိုရင် ဘောလုံးရာသီ လေးရာသီတိုင်ခဲ့ပြီ ဖြစ်ပါတယ်။ လီဗာပူးအတွက် ဆုဖလားတွေကို ထိုက်ထိုက်တန်တန် ယူပေးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးကို စာချုပ်သက်တမ်းတိုးမြှင့်ဖို့ လီဗာပူးပရိသတ်တွေက တိုက်တွန်းစာတွေ၊ အကြံပြုစာတွေပေးပို့ခဲ့တယ်လို့ ဆိုပါတယ်။

ဝေဖန်သုံးသပ်

ဘင်နီတက်ဇ်ရဲ့ စွမ်းဆောင်ရည်တွေဟာ လီဗာပူးအတွက် ထိရောက် အကျိုးပြုမှုတွေ ပေးစွမ်းနိုင်ပြီး ဒီနှစ်မှာရော နောက်နှစ်တွေအတွက်ပါ ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်မယ့်အခြေအနေကောင်းတွေနဲ့ ကြုံတွေ့နေရပြီလို့ ဝေဖန်သုံးသပ်သူတွေက ပြောကြားနေကြပါတယ်။

သူရဲကောင်း

လီဗာပူးနည်းပြအဖြစ် ဘင်နီတက်ဇ် စတင်ကိုင်တွယ်ခဲ့တဲ့ ၂၀၀၄ ခုနှစ်မှာ ဆုဖလားတွေမရခဲ့ပေမယ့် ၂၀၀၅ ခုနှစ်မှာတော့ ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ အေစီမီလန်ကို ပယ်နယ်တီ အဆုံးအဖြတ်နဲ့အနိုင်ယူပြီး ချန်ပီယံလိဂ်ဖလားကြီးကို အန်ဖီးလ်အရောက် သယ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် လီဗာပူးကလပ်က တာဝန်ရှိသူတွေနဲ့ ပရိသတ်တွေဟာ ဘင်နီတက်ဇ်ကို သူရဲကောင်း တစ်ဦးလို ထင်မှတ်ခဲ့ကြတာဖြစ်ပါတယ်။

၂၀၀၆ခုနှစ်မှာတော့ လီဗာပူးအတွက် အက်ဖ်အေဖလားကို ဆွတ်ခူးပေးနိုင်ခဲ့ပြန်ပါတယ်။ ဒီပွဲမှာလည်း နောက်ဆုံးဗိုလ်လုပွဲမှာ ပြိုင်ဘက် ဝက်စ်ဟမ်းကို ပယ်နယ်တီ အဆုံးအဖြတ်နဲ့ အနိုင်ယူခဲ့တာဖြစ်ပြီး အက်ဖ်အေဖလားကို ရယူပေးနိုင်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ နည်းပြ ဘင်နီတက်ဇ်ကို ကလပ်ပိုင်ရှင်တွေက လေးနှစ်စာချုပ် ထပ်မံချုပ်ဆိုခဲ့လို့ ဘင်နီတက်ဇ်က ၂၀၁၀ပြည့်နှစ်အထိ လီဗာပူးအသင်းမှာ နည်းပြအဖြစ် တာဝန်ယူရမှာဖြစ်ပါတယ်။

ဒုတိယနဲ့ကျေနပ်

ဘင်နီတက်ဇ်ဟာ ပရီမီယာလိဂ်ထက် ချန်ပီယံလိဂ်မှာ ပိုပြီးစွမ်းဆောင်နိုင်တာမို့ ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာတော့ လီဗာပူးတို့က တကယ့်အင်အားကြီး ဘောလုံးအသင်း ဖြစ်ပါတယ်။ ၂၀၀၇ခုနှစ်မှာ ဘင်နီတက်ဇ်ဟာ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအထိ တက်ရောက်နိုင်အောင် ကြိုးစားပေးခဲ့ပြီး ဗိုလ်လုပွဲမှာ ပြိုင်ဘက် အေစီမီလန်ကိုရှုံးခဲ့လို့ ဒုတိယနဲ့ကျေနပ်ခဲ့ရခြင်းဖြစ်ပါတယ်။

ငွေကြေးတွေထုတ်ပေး

ဘင်နီတက်ဇ်က အသင်းမှာ လိုအပ်ချက်ဖြစ်နေတဲ့ တိုက်စစ်မှူးနေရာကို တောရက်စ်နဲ့ အင်အားဖြည့်ခဲ့တဲ့ လုပ်ရပ်ဟာ အမှန်ကန်ဆုံးဖြစ်တယ်လို့ လီဗာပူးကလပ် အမှုဆောင်လူကြီးတွေက ထောက်ခံခဲ့ပါတယ်။ တောရက်စ်ရဲ့ အသင်းပြောင်းရွှေ့ကြေးများပေးမယ့် လိုအပ်တဲ့အတွက် လီဗာပူးပိုင်ရှင်တွေက ငွေကြေးတွေထုတ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

အစွမ်းကုန်

ဗလင်စီယာအသင်းကနေပြီး လီဗာပူးအသင်းကိုပြောင်းရွှေ့ရောက်ရှိလာတဲ့ ဘင်နီတက်ဇ်ဟာ အသက် ၄၈နှစ်အရွယ်သာ ရှိသေးတာမို့ ဒီအသက်အရွယ်မှာတော့ အောင်မြင်မှုရရှိအောင် အစွမ်းကုန်ကြိုးစားနိုင်တဲ့အရွယ် ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ လီဗာပူးကို ပရီမီယာလိဂ် တန်းစီဇယား ထိပ်ဆုံးရောက်အောင် ပို့ဆောင်ပေးထားပြီး ရာသီထက်ဝက်ကို တန်းစီဇယားမှာ ဦးဆောင်ပါဝင်ဖို့ လိုအပ်တယ်လို့ ဆိုပါတယ်။ လီဗာပူးအသင်းပိုင်ရှင်သစ်တွေဖြစ်တဲ့ ဂျော့ဂျီးလက်နဲ့ တွမ်ဟစ်ဇ်တို့ကတော့ လီဗာပူးအတွက် နည်းပြသစ်ထပ်ရှာဖို့ မလိုပါဘူးလို့ ဆိုနေကြပါတယ်။

ဟန်ပြင်နေ

ဘင်နီတက်ဇ်အနေနဲ့ကလည်း လီဗာပူးအသင်းမှာ နှစ်ရှည်စာချုပ်ပြီးနေချင်တာမို့ စာချုပ်သက်တမ်းတိုးတဲ့ကိစ္စကို အမြန်ဆုံး အကောင်အထည်ပေါ်လာဖို့ လိုလားနေတာတော့ အမှန်ပါ။ အခု ဘင်နီတက်ဇ်ကို လီဗာပူးမှာဆက်နေဖို့ ဆုံးဖြတ်ပြီးပြီဆိုရင်တော့ သက်တမ်းတိုး စာချုပ်တွေ ချုပ်မယ်လို့ အမှုဆောင်အဖွဲ့က ဟန်ပြင်နေပြီဖြစ်ပါတယ်။

ဒါကြောင့် ဘင်နီတက်ဇ်ဟာ မန်ယူအသင်းထက် သာလွန်တဲ့ လေ့ကျင့်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ ဘင်နီတက်ဇ်ဟာ မကြာမီကာလမှာ လီဗာပူးနဲ့အတူ ကစားသမားသစ်တွေ ခေါ်ယူဦးမှာဖြစ်ပြီး ချန်ပီယံလိဂ်ဖလားကို ရအောင် ယူမယ်လို့ ကြုံးဝါးနေခြင်းဖြစ်ပါတယ်။ လီဗာပူးအတွက် နည်းပြဘင်နီတက်ဇ် ဆက်လက် ရှိ၊ မရှိဆိုတာကိုတော့ စောင့်မျှော် ကြည့်သွားရမှာဖြစ်ပါကြောင်း။ ။

အင်တာနက် သတင်းအတိုအထွာ

နယူးကာဆယ်အတွက် ဗီဒူကာ စွမ်းဆောင်ပေးမည်

လန်ဒန် ဒီဇင်ဘာ ၂၂

နယူးကာဆယ်တွင် ဒဏ်ရာကြောင့် နားနေခဲ့ရသော တိုက်စစ်မှူး ဗီဒူကာက မိမိအနေဖြင့် နယူးကာဆယ်အသင်း ရလဒ်များကောင်းအောင် ကြိုးစားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အသက် ၃၃နှစ်အရွယ်ရှိ ဗီဒူကာသည် စပါးနှင့်ပွဲ၌ ယခုနှစ်ဘောလုံးရာသီအတွက် ပထမပွဲစဉ်အဖြစ် ပါဝင်ကစားခဲ့သည်။

(အင်တာနက်)



ဟိုလီဖီး အမှတ်ဖြင့် ရှုံးနိမ့်

ဇူးရစ် ဒီဇင်ဘာ ၂၂

ကမ္ဘာ့ဟဲဗီးဝိတ် လေးထပ်ကွမ်းချန်ပီယံဟောင်း အီဗန်ဒါ ဟိုလီဖီးနှင့်ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် ချန်ပီယံ နီကိုလိုင်ဗာလုဗ်တို့ ဒီဇင်ဘာ၂၁ရက်က ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ထိုးသတ်ရာ ဗာလုဗ်က အမှတ်ဖြင့် အနိုင်ရရှိသွားသည်။ အမှတ်ပေးဒိုင်လူကြီးသုံးဦးအနက် နှစ်ဦးက ဗာလုဗ်အား ၁၁၆-၁၁၂၊ ၁၁၅-၁၁၄ဖြင့် အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ကင်ညာအပြေးမယ် ဂျီလီမို မီတာ ၈၀၀ ကမ္ဘာ့စံချိန်တင်မည်

ဘာလင် ဒီဇင်ဘာ ၂၂

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ၂၀၀၉ခုနှစ် ဇွန်၁၄ရက်၌ ကျင်းပမည့် နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲ၌ ကင်ညာအပြေးမယ် ပါမီလာ ဂျီလီမိုက မီတာ၈၀၀၌ ကမ္ဘာ့စံချိန်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဂျီလီမိုသည် မီတာ ၈၀၀၊ မီတာ၄၀၀တို့၌ လက်ရှိရွှေတံဆိပ်ဆုရှင်ဖြစ်သည်။

(အင်တာနက်)

ဖူလ်ဟမ်ကွင်းလယ်မှ ဂျင်မီဘူးလာ့ဒ်အား ထပ်မံ စာချုပ်ချုပ်ရန် မကမ်းလှမ်းဟုဆို

လန်ဒန် ဒီဇင်ဘာ ၂၂

ဖူလ်ဟမ်ကွင်းလယ်ကစားသမား ဂျင်မီဘူးလာ့ဒ်သည်ဒီဇင်ဘာ၂၀ရက်ကပြိုင်ဘက် မစ်ဒယ်ဘရော့အား အနိုင်ရရှိအောင် စွမ်းဆောင်ခဲ့သော်လည်း အသင်းတွင် ၎င်း၏ အနာဂတ်မှာ မရေမရာ ဖြစ်နေဆဲပင်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အသက်၂၉နှစ်ရှိဂျင်မီ**(အောက်ပုံ)**သည် အသင်းနှင့် လက်ရှိစာချုပ်သက်တမ်းမှာ နှစ်နှစ် သာကျန်တော့သော်လည်း အသင်းက ၎င်းအား စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ကမ်းလှမ်းမှုမရှိသေးဟု သိရသည်။**(အင်တာနက်)**

ဘောလုံးလောကကို နှိုင်းယှဉ်ကြည့်ရန် အေစီမီလန်သို့ ပြောင်းကစားခြင်းဟု ဘက်ခမ်းဆို

မီလန် ဒီဇင်ဘာ ၂၂

အေစီမီလန်သို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရခြင်း၏နောက်ကွယ်တွင် အဓိက အကြောင်းရင်းမှာ အမေရိကန်၏ဘောလုံးလောက အဆင့်အတန်းကို ကမ္ဘာ့ဘောလုံးလောကနှင့် နှိုင်းယှဉ်ကြည့်လို၍ဖြစ်ကြောင်း ဒေးဗစ်ဘက်ခမ်းက ပြောကြားသည်။

လွဲချော်ဖွယ်ရှိ

မိမိအနေဖြင့် အမြင့်ဆုံးအဆင့်ပွဲစဉ်နှင့် လွဲချော်ဖွယ်ရှိသည်ဟု အမြဲပြောလေ့ရှိကြောင်း၊ သို့သော်လည်း အမေရိကန် ဘောလုံးအဆင့်အတန်းသည် အမြင့်ဆုံးအဆင့်သို့ မရောက်နိုင်ဟု မိမိဆိုလိုခြင်းမဟုတ်ကြောင်း၊ ယင်းကိစ္စသည်အချိန်ယူပြီးမှဖြစ်လာမည့်ကိစ္စဖြစ်ကြောင်း အသက် ၃၃ နှစ်ရှိ လော့စ်အိန်ဂျလိစ် ဂလက်ဆီ ကစားသမား ဒေးဗစ်ဘက်ခမ်းက ဆိုသည်။ **(အင်တာနက်)**

အေစီမီလန်သို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့သွားသူ လော့စ်အိန်ဂျလိစ် ဂလက်ဆီကစားသမား ဒေးဗစ်ဘက်ခမ်း။

နယူးကာဆယ်မှ မိုက်ကယ်အိုဝင်အား ခေါ်ယူလိုသူများနေ

လန်ဒန် ဒီဇင်ဘာ ၂၂

လာမည့်ဇန်နဝါရီ ဘောလုံးသမား အပြောင်းအရွှေ့ကာလအတွင်း အင်္ဂလန်နှင့် နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်အား လီဗာပူး၊ စပါးနှင့် ဝီဂန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသည်။

စိတ်ဝင်စားနေ

အသက် ၂၉နှစ်အရွယ်ရှိ တိုက်စစ်မှူး မိုက်ကယ်အိုဝင်ကလည်း မိမိအနေဖြင့် အသင်းပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သဖြင့် ပရီမီယာလိဂ် အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

မတုံ့ပြန်သေး

နယူးကာဆယ်အသင်းကလည်း မိုက်ကယ်အိုဝင်အား စာချုပ်သက်တမ်းတိုးရန် ကြိုးစားလျက်ရှိသော်လည်း မိုက်ကယ်အိုဝင်က တစ်စုံတစ်ရာ မတုံ့ပြန်သေးကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

(အင်တာနက်)

အသင်းပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သဖြင့် ခေါ်ယူလိုသူများနေသော နယူးကာဆယ် တိုက်စစ်မှူး မိုက်ကယ်အိုဝင်။

ချစ် စိုး နိုင် စု စည်း သည်

ဆန်တာခရုဇ်အား ရောင်းထုတ်ရေး ဆမ်အလာဒိုက် အမြန်ဆုံးဖြတ်မည်

လန်ဒန် ဒီဇင်ဘာ ၂၂

ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက်က လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်တွင် ဆန်တာခရုဇ်အား ရောင်းထုတ်ရေး အမြန်ဆုံး ဆုံးဖြတ်မည်ဟု ပြောကြားခဲ့သည်။ မိမိအနေဖြင့် မိမိ၏ကစားသမားဘဝ တိုးတက်ရေးအတွက် ဘလက်ဘန်းထက်ကောင်းသော၊ သို့မဟုတ် မိမိရည်ရွယ်သော အသင်းတစ်သင်းက ကမ်းလှမ်းလာသည့် အခွင့်အရေးရရှိပါက ဘလက်ဘန်းမှထွက်ခွာမည်ဖြစ်ကြောင်း အသက်၂၇နှစ်ရှိ ဆန်တာခရုဇ်က ပြောကြားသည်။

လက်လွတ်ရောင်းချ

ခြေသလုံး ကြွက်သားဒဏ်ရာကြောင့် စတုတ်အား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ဒီဇင်ဘာ ၂၀ ရက် ပွဲစဉ်နှင့် လွဲခဲ့ရသည့် ဘလက်ဘန်း တိုက်စစ်မှူး ဆန်တာခရုဇ်အား နည်းပြ ဆမ်အလာဒိုက်က ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ဖြင့် လက်လွတ်ရောင်းချဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

" Happy New Year 2009"
International Diploma in Computer Studies (IDCS)
International Advanced Diploma in Computer Studies (IADCS)
IDCS အောင်မြင်ပြီးသူများ NCC Education
MCC-IT Studies
☎ ၂၄၅၇၅၇၈၊ ၂၄၅၇၅၈၂
The University of Greenwich B.Sc (Hons) Business IT
IADCS အောင်မြင်ပြီးသူများ ABE / ACP Advanced Diploma
Enroll with New Year Discount
December(24–31) only

တစ်ဝက်ဈေး

ဗိသုကာမျိုး
(ခေတ်မီလှပ်ရေးပစ္စည်း၊ အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင် နှင့် Home Decoration Center)
Wall Paper
PVC
Door Lock
Laminated floor
Sunshade
Home Decoration
(5 % to 10 %)
(Discount)
01-561354 09-51 55037

အများသိစေရန်

အဖ ဦးသာရင်၏သား အမျိုးသား မှတ်ပုံတင် အမှတ် KLO - ၀၀၂၅၃၇ ကိုင်ဆောင်သူ ဦးဘိုသန်း (လ/ထ ကထိက) ၏ အမည်အပြည့်အစုံမှာ ဦးဘိုသန်း(ခ)ဦးဖိုလ်သန်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးခင်ဌေး C.D.C အမှတ်-၂၁၁၈၂ စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန် ကျေးဇူးဆပ်ပါမည်။
ဖုန်း-၅၄၇၂၅၄။

ရှောင်လေဝေးဝေး မူးယစ်ဆေး

မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် ဖောင်းပြင်မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလွင်တို့ ဖောင်းပြင်မြို့ ဗိုလ်ချုပ်အောင် ဆန်းလမ်း၌ လမ်းဘေးကတ်တုံး၊ ပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၈ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ် အမှုဆောင်အရာရှိ ဦးကြည်ထွေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မျိုးနိုင်တို့က ရှင်းလင်း တင်ပြစဉ်။
(မြို့နယ်စည်ပင်)

တိုင်းရင်းဆေး ပညာပေးသင်တန်းဖွင့်

အုတ်ဖို ဒီဇင်ဘာ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အေးမြသာယာ မြို့သစ်၌ မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ တိုင်းရင်းဆေးပညာပေး သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ရက် မွန်းလွဲ ၁နာရီက အေးမြသာယာမြို့သစ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဒေါ်နှင်းထိုက်တိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ဆွေးနွေးတင်ပြသည်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၅ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလ သုံးရက်ကြာမြင့်ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်သာယာဈေးကြီး မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၂ရက်က စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်၊ အဖွဲ့ဝင် ဒုရဲမှူးကြည်စိုး၊ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(၁၅၂)

မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ မြို့မဈေးကြီးအတွင်း ဒီဇင်ဘာ ၅ရက်က မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းလျက် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို အမှုဆောင်အရာရှိ ဦးလှဖော်ဇံနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်စန်းစန်းအေးတို့က ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မအူပင်မြို့ အလက(၁) (ယမုံနာကျောင်း) မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

မအူပင်မြို့ အလက(၁) ယမုံနာအလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား ၂၀၀၉ခုနှစ် ဇန်နဝါရီ၄ရက် နံနက် ၉နာရီတွင် ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အဝေးရောက်ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အချိန်မီ သတင်းပို့ကြရန်နှင့် ဖိတ်စာမရသော်လည်း တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

အလှူငွေထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးကျော် ဖုန်း-၀၄၅-၃၀၄၇၂၊ ဦးညီညီလွင်(အရှေ့ဘက်ကမ်း) ဖုန်း-၀၉-၈၅-၈၅၁၆၇၊ ဦးမောင်သိန်း(ခ) ဦးစီ (မန္တလေးရွှေဆိုင်) ဖုန်း-၀၄၅-၃၀၄၇၆၊ ဦးမြင့်သိန်း(ခ)ဦးနီ (မြမန္တျူဆေးဆိုင်) ဖုန်း-၀၉-၈၅-၈၆၅၀၇၊ ဦးဝမ်ကြည် ဖုန်း-၀၉-၈၅-၈၅၁၅၄၊ ဦးပွေရမ်း(ခ)ဦးကျော်မျိုးထွန်း (ကျားမုန့်တိုက်) ဖုန်း-၀၄၅-၃၀၈၉၉၊ ကိုထွန်းထွန်း ဖုန်း-၀၉-၈၅-၈၅၄၃၈၊ ကိုညီမင်းနိုင်(ခ)သားသားလေး ဖုန်း-၀၉-၅၁-၇၈၁၅၅၊ ကိုဇော်လင်းဦး(ခ)ကိုကောင်ငယ်(YKKO)ဖုန်း-၀၉-၅၀-၀၇၀၅၂နှင့် မအေးအေးတင့်(ညောင်ပင်လေးဈေး) ဖုန်း-၀၁-၂၁၃၇၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(မြန်မာ့အလင်း)

ဗန်းမော်၌ ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးဟောပြော ကျေးလက်နေပြည်သူများအား အခမဲ့ဆေးဝါး ကုသပေး

ဗန်းမော် ဒီဇင်ဘာ ၁၈

ဗန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားတိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ဒေါ်ကြည်ဌေး ဦးဆောင်သော မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာ ဆရာမ ၁၄ ဦးပါဝင်သည့် ကွင်းဆင်းကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၁၃ရက် နံနက် ၈နာရီက ဗန်းမော်မြို့နယ် မင်းလှကျေးရွာ၊ နောင်ခို၊ ရွှေကျေးနား၊ နမ့်ဖားရပ်ကွက်များတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အထကကျောင်းတွင်လည်းကောင်း သွားရောက်၍ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးဟောပြောခဲ့ကြပြီး ကျေးလက်ပြည်သူများအား အခမဲ့ဆေးဝါးများ ကုသပေးကြသည်။
(ခရိုင် ပြန်/ဆက်)

ဂန့်ဂေါမြို့၌ အသိပညာပေးဟောပြော ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ဂန့်ဂေါ ဒီဇင်ဘာ ၂၀

ဂန့်ဂေါခရိုင်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ၂၃ရက်က ဂန့်ဂေါမြို့နယ် ပျားကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးဥမ္မာဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးတို့က ကျေးရွာစာကြည့်တိုက်အတွက် မေမြန်မာဂျာနယ်အပါအဝင် စာအုပ်များကို ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးပြည်စိုးလင်းထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။
(၀၇၁)

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုကို ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလတ်တို့ ကြပ်မတ်မှုဖြင့် ဒုတိယဦးစီးမှူး (ဈေး) ဦးဇော်ဇော်ထွန်း ဦးဆောင်၍ သန့်ရှင်းရေးဝန်ထမ်းများဖြင့် ဗိုလ်ချုပ်လမ်းပေါ် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

၂၀၀၈ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁ရက်က ပေါင်မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့်ပတ်သက်သော အကြောင်းအရာများကို ပေါင်မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ မြို့နယ်ဆရာဝန် ဒေါက်တာခင်စုစုဟန် ဟောပြောစဉ်။
(၁၇၆)

စပါးသီးနှံအလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညှိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့် စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ တာရိုအာဆိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ မြောက်ဦးမင်းသမီးဟိုတယ်ကို ဤသို့ သပ်ရပ်လှပစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

စိုက်ပျိုးရေးနှင့်ဟိုတယ်ခရီးလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်စည်ပင်နေသော ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ သတင်းမြင်ကွင်း ခရီးတစ်ခေါက်

➤ သတင်းမြင်ကွင်း - သတင်းထောက် စဥ့်ကူစိုးဝင်း ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

မြောက်ဦး ဒီဇင်ဘာ ၂၂

မြန်မာ့အလင်းသတင်းအဖွဲ့သည် ကျောက်တော်မြို့တွင် ညအိပ်ပြီး နံနက်စောစော မြောက်ဦးမော်တော်ကားဂိတ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြသန်း ကူညီစီစဉ်မှုဖြင့် ကျောက်တော်၊ မြောက်ဦး ခရီးစဉ်အစအဆုံး လိုက်ပါကူညီသည့် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စွာညွန့်နှင့်အတူ မြောက်ဦးရှေးဟောင်းမြို့သို့ ခရီးဆက်ခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ရေဒီယိုဓာတ်ရောင်ခြည်ဖြင့် ကုသပါက ဆီးကျိတ်ကင်ဆာဖြစ်ပွားမှု လျော့ကျနိုင်

ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုကို ရေဒီယိုဓာတ်ရောင်ခြည်ဖြင့် ကုသပါက ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေကြောင်း ကနေဒါ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ဟန့်တားစေနိုင်

ရေဒီယိုဓာတ်ရောင်ခြည်ဖြင့် ကုသပါက ဆီးကျိတ်ကင်ဆာ ဆဲလ်များ ပြန့်ပွားမှုကို ဟန့်တားစေနိုင်ပြီး ပုံမှန် အခြားဆေးကုသမှုများထက် အချိန်တိုအတွင်း ထိရောက်စွာ သက်သာစေမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✱

စဥ့်ကူးမြို့နယ်၌ ဇီဝဓာတ်ပေါင်းအိုး ကျယ်ပြန့်စွာသုံးစွဲမည်

စဥ့်ကူး ဒီဇင်ဘာ ၂၂

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လှသည် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းကော်မတီဝင်များ လိုက်ပါလျက် စဥ့်ကူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြရာ ဒီဇင်ဘာ ၁၃ ရက် နံနက်က တောင်အင်းကျေးရွာသို့ ရောက်ရှိပြီး စက်မှု(၁)ဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် အသုံးပြုလျက်ရှိသော တောင်သူကြီး ဦးဇော်ဝင်းဦး၏ သဘာဝစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ် ဇီဝဓာတ်ပေါင်းအိုးဖြင့် မီးထွန်းညှိပြီး မိသားစု တစ်နိုင်တစ်ပိုင် မီးလုံး၊ မီးဖို၊ ထမင်းအိုးများ ချက်ပြုတ်အသုံးပြုမှုတို့ကို ကြည့်ရှုအားပေးသည်။ (ယာပုံ)

တစ်နိုင်တစ်ပိုင်

အဆိုပါ ဇီဝဓာတ်ပေါင်းအိုးသည် မိသားစု တစ်နိုင်တစ်ပိုင် တစ်နေ့တာအတွက် အသုံးပြုရန်

စာမျက်နှာ ၁၁ ကော်လံ ၃ ●

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

23-12 (20).pmd 1 12/23/2008, 2:00 AM